
# တေဇ ရုပ်စုံ

အတွဲ(၃၂)၊ အမှတ်(၇)၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ




ဆရာထွန်း၏
ထွန်းရွှေဝါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

သို့ -------------------------------------------

-------------------------------------------

မှ -------------------------------------------

-------------------------------------------

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ အတွဲ(၃၂)၊ အမှတ်(၇)

# မာတိကာ တေဇ ရုပ်စုံ




**တေဇဘာသာရေး**

စွန့်ခြင်းကြီး ၅ ပါး — ဟန်ဝင်း ၂

**တေဇကဗျာ**

ကျေးဇူးရှင် — မောင်သျှင်ပြေ(ပုသိမ်) ၃

ရင်ဆိုင်သတ္တိ — တိုးဝေ ၄

**တေဇပုံပြင်**

သမင်ရဲ့ဦးနှောက် — နန္ဒာမိုးကြယ် ၅

**တေဇဝတ္ထုတို**

ကျွန်တော်လဲကျောင်းနေချင်တာပေါ့ — မေဇွန်အေး ၂၅

**တေဇသုတ**

မြန်မာဝေါဟာရကဗျာများ — တင်လင်းဇော် ၂၈

ဆက်သွယ်ရေးကိရိယာ (Bluetooth) အကြောင်းသိကောင်းစရာ — ဒေါက်တာသန့်စင်(ရူပဗေဒ) ၃၃

ကမ္ဘာ့နိုင်ငံများအနှစ်ချုပ်မှတ်စု — သီဟညိုမောင် ၃၆

ဆန်းကြယ်ထူးခြားပုံရိပ်များ — စစ်ဦး ၃၇

မြန်မာနိုင်ငံ၏အထင်ကရမြို့ကြီးများ (ဂန့်ဂေါမြို့) — ထက်ငယ် ၃၈

ကိုယ်ပိုင်ကျောင်းဖွင့်တဲ့ ၁၂ နှစ်သားလေး — သန့်သူရ ၄၀

စကားပုံများကိုတူးဖော်ခြင်း — သင်းသင်း ၄၂

**တေဇစာစီစာကုံး**

အသင်းအဖွဲ့စိတ်ဓာတ် — မောင်မြတ်မင်းစံ(ပထမဆု) ၂၆

**ရုပ်ပြကာတွန်း**

ပိပိ — မိုးထက်မိုး ၉

လမ်းမှား — ထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်) ၁၃

ပြာပုကွေး — မိုးသွင် ၁၇

ညီပု — ဆွေချစ် ၂၁

အပျော်ဆုံးပဲ — မင်းကောင်းကို ၄၃

**တေဇမျက်နှာဖုံး** — ဆွေချစ်



တေဇရုပ်စုံအယ်ဒီတာအဖွဲ့၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
(၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၃၀၃၆၇၅၆၂၊ ၀၉-၄၀၃၂၅၈၄၅၁
Email - tayzabooklet99@gmail.com
ရန်ကုန်ရုံးခွဲ၊ အမှတ်(၁၈၁)၊ (၃၂)လမ်း၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၃၂၄၉၈၇၂၄
ပုံနှိပ်သူမှတ်ပုံတင်အမှတ် – ၀၀၆၅၆
ထုတ်ဝေသူမှတ်ပုံတင်အမှတ် – ၀၀၈၁၃



R-209

| | |
|---|---|
| စာတည်းမှူးချုပ် | ဒုတိယဗိုလ်မှူးကြီးနေမျိုးထက် |
| ဒုတိယစာတည်းမှူးချုပ် | ဗိုလ်မှူးမြင့်နိုင် |
| စာတည်းမှူး | ဗိုလ်မှူးငြိမ်းချမ်းဦး |
| တာဝန်ခံစာတည်း | ဗိုလ်ကြီးသက်နောင် |
| လက်ထောက်စာတည်း | စိုးဆက်ထွန်း၊ ဇင်ထက်ထက် |
| စာစီနှင့်ဒီဇိုင်း | မြတ်ဆု၊ သန့်ဇင် |
| စာပြင် | ရည်မွန်ခိုင်၊ ခင်ပပဝင်း |


**နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးအတွက်တာဝန်ရှိသည်။**

တေဇ
ဘာသာရေး

# စွန့်ခြင်းကြီး ၅ ပါး

ဟန်ဝင်း



**တေဇကလေးတို့ရေ . . .**

ဒီလအတွက်တော့ စွန့်ခြင်းကြီး ၅ပါးအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

ဒါနပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးရာမှာ နက်နဲခက်ခဲမှုနဲ့ မလွယ်ကူမှုကို အကြောင်းပြုပြီး ဘုရားအလောင်းတော်တို့ရဲ့ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းကို ပဉ္စမဟာပရိစ္စာဂ(စွန့်ခြင်းကြီး ငါးပါး)လို့ဆိုကာ အဆင့်ငါးဆင့်ကို အောက်ပါအတိုင်းခွဲခြားဖော်ပြလေ့ရှိပါတယ် –

(၁) ဓနပရိစ္စာဂ = သူဌေးသူကြွယ်စည်းစိမ်၊ မင်းစည်းစိမ်ဟုဆိုအပ်သော ပစ္စည်းဥစ္စာရတနာတို့ကိုစွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း။

(၂) ပုတ္တပရိစ္စာဂ = သားသမီးတို့ကို စွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း။

(၃) ဘရိယပရိစ္စာဂ = မယားကိုစွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း။

(၄) အင်္ဂပရိစ္စာဂ = လက်၊ ခြေ၊ မျက်စိ စသော အင်္ဂါကြီးငယ်ကို စွန့်လွှတ်လှူဒါန်း၍ ပါရမီတော်ကိုဖြည့်ကျင့်ခြင်း။

(၅) ဇီဝိတပရိစ္စာဂ = ကိုယ့်အသက်ကို စွန့်လွှတ်၍ ပါရမီတော်ကို ဖြည့်ကျင့်ခြင်း။

**တေဇကလေးတို့ရေ . . .**

စွန့်ခြင်းကြီး ၅ ပါးနဲ့ ပါရမီတော်ကို ဖြည့်ကျင့်နိုင်သူများဖြစ်ကြပါစေ။ ။

**(ကိုးကား – ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပထမတွဲ)**

# ကျေးဇူးရှင်



သားတို့စားဖို့ ဘယ်သူပေး
ဖေဖေမေမေ သူတို့ကျွေး။

သမီးတို့စားဖို့ ဘယ်သူပေး
ဖေဖေမေမေ သူတို့ကျွေး။

အဝတ်ကလေး ဘယ်သူဆင်
ဖေဖေမေမေ သူတို့ပင်။

စာပေသင်တာ ဘယ်သူများ
ဖေဖေမေမေ မိဘနှစ်ပါး။

လိမ္မာရေးခြား ဆုံးမသင်
လက်ဦးမည်စွ ဆရာပင်။

မိခင်ဖခင် သူ့ကျေးဇူး
သားတို့သမီးတို့ တင်ရှိဦး။ ။

မောင်သျှင်ပြေ(ပုသိမ်)

# ရင်ဆိုင်သတ္တိ

ညီလေး ကြည့်စမ်း မိုးပေါ်မှာ
တိမ်တွေ လွင့်နေတာ။

ဘယ်နေရာထိ လွင့်မှာလဲ
ပန်းတိုင် မရှိဘဲ။

ရေစီးထဲက ရွက်ဝါကြွေ
တွေ့လား ညီမရေ။

စီးဆင်းရစ်ခွေ ချောင်းအတိုင်း
မျောပါ ထင်ရာစိုင်း။


ချင့်နှိုင်းယှဉ်ဆ စဉ်းစားရင်
နောင်ရေး တွေးရှုမြင်။

ကိုယ့်လမ်းကိုယ်ထွင် အရောက်သွား
ရည်မှန်းချက်လဲ ထား။

တက်ကြွစွန့်စား စိတ်ဓာတ်ခိုင်
ဘယ်တော့ မယိမ်းယိုင်။

ရင်ဆိုင်သတ္တိ စွဲမြဲရှိ
အောင်ပန်းဆွတ်ပါဘိ။ ။

တိုးဝေ



တောဇပုံပြင်


# သမင်ရဲ့ဦးနှောက်

နန္ဒာမိုးကြယ်

ဟိုး...တစ်ခါတုန်းက ကျေးငှက်တိရစ္ဆာန်၊ သားရဲသတ္တဝါတွေ ကျင်လည်ကျက်စားနေထိုင်ကြတဲ့ တောအုပ်ကြီးတစ်ခုရှိပါသတဲ့။

တစ်နေ့တော့ အဲဒီတောအုပ်ကြီးထဲကို သားရဲအပေါင်းတို့ရဲ့ ဘုရင်ဖြစ်တဲ့ ခြင်္သေ့ကြီးတစ်ကောင်ရောက်လာခဲ့တယ်။ ခြင်္သေ့ကြီးဟာ လေဝင်လေထွက်အင်မတန်ကောင်းတဲ့ဂူကြီးတစ်ဂူမှာ နေထိုင်ပြီး အစာဆာပြီဆိုရင်တော့ တောအုပ်ထဲကိုဝင်လို့ သူစားသောက်ချင်တဲ့သားကောင်ကို ရှာဖွေဖမ်းဆီးလေ့ရှိတယ်ဆိုပဲ။ ဒါကိုအင်မတန်မှ ပါးရည်နပ်ရည်ရှိလှတဲ့ မြေခွေးတစ်ကောင်ကတွေ့မြင်သိရှိထားလေတော့ အကြံထုတ်ပါသတဲ့။

"ငါ . . . ဒီလိုမျိုး ခြေဦးတည့်ရာလျှောက်သွားနေမဲ့အစား ခြင်္သေ့မင်းဆီမှာ တပည့်ခံပြီး ဆည်းကပ်နေမယ်ဆိုရင် စားကြွင်းစားကျန်တွေ စားသောက်ရမှာ သေချာတယ်၊ သစ်ပင်အောက်ကျို့ရင် သစ်ပင်ပိသေနိုင်ပေမဲ့ ခြင်္သေ့မင်းကို အောက်ကျို့လို့ကတော့ ခြင်္သေ့ပိမသေနိုင်ပါဘူး၊ အရေးကြီးတာက ခြင်္သေ့မင်း ဘဝင်ကျမဲ့စကားတွေကို နားဝင်အောင်ပြောတတ်ဖို့ပဲ"



မြေခွေးဟာ အင်မတန်မှ ပါးနပ်လှပါတယ်။ ဒါ့ကြောင့်ပဲ ခြင်္သေ့မင်းထံပါး အောက်ကျို့ဝင်ရောက်ပြီး ခြင်္သေ့မင်းနှစ်သက်သဘောကျစေမဲ့ စကားတွေပြောတယ်။ မြှောက်ချည်တစ်ခါ၊ ဖားချည်တစ်လှည့်ဆိုတော့ ခြင်္သေ့မင်းဟာ အကြီးအကျယ်သဘောကျတာပေါ့။ သဘောကျဆို ခြင်္သေ့မင်းက အမြှောက်အပင့်ကြိုက်တယ်မဟုတ်လား။ အဲဒါကြောင့်ပဲ မြေခွေးကို သူ့ရဲ့ အပါးတော်မြဲအဖြစ်ခန့်အပ်လိုက်ပြီး သားကောင်အရှာထွက်တဲ့အခါတိုင်း ခေါ်သွားတယ်။ သားကောင်ရလာရင် သားကောင်ရဲ့ဦးနှောက်ကို အရင်ဆုံးဖောက်စားတယ်။ ပြီးတော့ ကလီစာ၊ နောက် အသားကောင်း။

အဲဒီလိုမျိုး သူ့စိတ်တိုင်းကျ တဝတပြစားသောက်ပြီးသွားတဲ့အခါကျမှ အနားမှာခစားနေတဲ့ မြေခွေးကို –

"ကဲ...ကျန်တာတွေမင်းပဲစားလိုက်ပေတော့..." လို့ စွန့်ကြဲတော့တယ်။ ဒီတော့ –

"မေတ္တာတော် . . . ကရုဏာတော်ကြီးမားလှတဲ့ ခြင်္သေ့မင်း...သက်တော်ရာကျော်ရှည်ပြီး ဘုန်းတန်ခိုးတွေ ဆတက်ထမ်းပိုးတောက်ပါစေ..." လို့မြှောက်ပင့်ဖားယားပြီးတဲ့နောက် အစားအစာအကြွင်းအကျန်တွေကိုသွားရည်တမျှားမျှား အာသာတငမ်းငမ်းနဲ့ စိမ်ပြေနပြေကိုတွယ်တော့တာပါပဲ။ အနေအစားချောင်လို့လဲ လက်ရှိဘဝကို ကျေနပ်နေခဲ့တယ်။ ဒါပေမဲ့ မြေခွေးရဲ့ မနောစိတ်ထဲမှာ အာသာပြင်းပြနေတာတစ်ခုရှိတယ်။ အဲဒါကတော့ ခြင်္သေ့မင်းဖမ်းဆီးရလာတဲ့သားကောင်ရဲ့ဦးနှောက်ကို အရသာရှိရှိသုံးဆောင်လိုခြင်းပါပဲ။

ဘာပဲပြောပြော မြေခွေးအဖို့တော့ စိန်နားကပ်ရောင်နဲ့ပါးပြောင်တယ်ပဲဆိုဆို သူ့လက်ရှိဘဝကို အကျေနပ်ကြီးကျေနပ်နေခဲ့တယ်။ တောတွင်းနေ သားကောင်အပေါင်းဟာ အရင်ကဆို ခြင်္သေ့မင်းကိုသာ အကြောက်ကြီးကြောက်ခဲ့ကြပေမဲ့ အခုဆိုရင် ခြင်္သေ့မင်းရဲ့အဆွယ်အပွားဖြစ်တဲ့ မြေခွေးကိုပါရှုံ့ကြောက်ကြီးကြောက်နေခဲ့ကြတော့တယ်။ ဒါကိုပဲမြေခွေးဟာ သူ့ကိုယ်သူအဟုတ်ကြီးထင်လို့ပေါ့။ မာန်မာနတွေဆိုတာလဲ တထောင်ထောင်နဲ့။

❑

တစ်နေ့မှာတော့ မြေခွေးဟာ တောအုပ်ထဲကို ခြေဆန့်လက်ဆန့်လျှောက်သွားရင်းကနေ ကြာမျိုးပေါင်းစုံဖူးပွင့်နေတဲ့ ရေကန်ကြီးအနီးကို ရောက်လာခဲ့တယ်။ အဲဒီမှာ ရေသောက်ဆင်းနေတဲ့ သမင်ဖိုတစ်ကောင်ကို တွေ့လိုက်ရတယ်။

"တောက် . . . တယ်လဲဆူဖြိုးတဲ့သမင်ပေပဲ၊ သမင်အသားမစားရတာ တော်တော်လေးတောင်ကြာပေါ့၊ ဒီတော့ အဲဒီသမင်သားကို တဝတပြစားသောက်ရအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲမသိဘူး"

မြေခွေးလဲခြင်္သေ့မင်းရှေ့မှောက် အခစားဝင်ရောက်တဲ့အခါ သူမြင်တွေ့ခဲ့တဲ့ သမင်အကြောင်းကို လျှောက်တင်ပြောဆိုလိုက်တယ်။

"အရှင်ခြင်္သေ့မင်းရယ်...ကျွန်တော်မျိုးမျက်မြင်တွေ့ကြုံခဲ့ရတဲ့သမင်ကို တွေ့များတွေ့ရင် သွားရည်ယိုမှာအမှန်ပါပဲ၊ ဝဝဖီးဖီးနဲ့သတ်ပြီးစားလိုက်ရရင် အင်မတန်အရသာရှိပါလိမ့်မယ်"

"ဒါဖြင့်ရင် အဲဒီသမင်ကိုအခုပဲသွားဖမ်းကြတာပေါ့"

ခြင်္သေ့မင်းက စိတ်မြန်ကိုယ်မြန်။ ဒီအခါ မြေခွေးက ပျာပျာသလဲတားမြစ်တော့တယ်။

"အဲဒီသမင်ကို ဖမ်းဆီးနိုင်ဖို့ရာ အပြောလွယ်သလောက် လက်တွေ့မှာတော့ လွယ်မယ်မထင်ဘူး၊ အခုဆိုရင် သူနေတဲ့ဆီပြန်ရောက်သွားလောက်ပြီ၊ သူက တစ်ခါတလေမှ ကြာမျိုးစုံအိုင်ရှိရာလာပြီး ရေသောက်ဆင်းတဲ့ပုံပဲ"

"ဟ . . . ဒါဆို ဘာလုပ်ရမှာလဲ"

"ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်တော်မျိုးကြံပါ့မယ်"

ဒီလိုဆိုပြီးတဲ့နောက် အချိန်အနည်းငယ်ယူပြီး မြေခွေးလဲစဉ်းစားနေပါတော့တယ်။

"ဟာ . . . ဟုတ်ပြီ၊ ကျွန်တော်မျိုး အကြံရပါပြီ ခြင်္သေ့မင်း"

"အေး . . . ပြောစမ်း"

"ဒီလိုပါ . . . ခြင်္သေ့မင်း၊ ကျွန်တော်မျိုးဟာ အဲဒီသမင်ကိုမတွေ့တွေ့အောင် လိုက်လံရှာဖွေပြီး တွေ့တယ်ဆိုတာနဲ့ အရှင်ခြင်္သေ့မင်းက သင့်ကိုမိတ်ဆွေဖွဲ့ချင်လို့ ဖိတ်မန္တကပြုနေပါတယ်လို့ နားဝင်အောင်ပြောမယ်၊ သူနားဝင်ပြီဆိုတာနဲ့ အရှင်ခြင်္သေ့မင်းစံစားနေတဲ့ ဂူနန်းတော်ကိုခေါ်လာပါ့မယ်၊ အဲဒီကျတော့ သားကောင်ဟာ ကိုယ့်မျက်စိရှေ့တည့်တည့်ရောက်လာခဲ့ပြီမို့ ဖမ်းဆီးသတ်ဖြတ်ပြီး အရသာရှိရှိပွဲတော်တည်တော်မူပါအရှင်"

"အိမ်း . . . တယ်လဲ လျော်ကန်သင့်မြတ်တဲ့ အကြံကောင်းပေပဲ၊ ကိုင်း . . . အကောင်အထည် စတင်ဖော်ပေတော့ အမောင်မြေခွေး"

"အမိန့်တော်အတိုင်းပါခြင်္သေ့မင်း"

မြှောက်ပင့်ပြောဆိုတတ်သူနဲ့ အမြှောက်ကြိုက်သူ တို့ကတော့ တစ်သားတည်းကို ဖြစ်လို့ပေါ့။

❑

အဲဒီနောက်မှာတော့ မြေခွေးဟာ တောအုပ်ထဲ ဂျင်ခြေလည်အောင်လျှောက်ပြီး သမင်ဖိုကိုတွေ့အောင် ရှာပါတော့တယ်။

ကံအားလျော်စွာလို့ဆိုရမလား မပြောတတ်ဘူး။ စတွေ့တဲ့ကြာမျိုးစုံရေကန်မှာပဲ သမင်ဖိုရေသောက်ဆင်းလာတာကိုတွေ့လိုက်ရတယ်။ ဒါနဲ့ မြေခွေးလဲ ပရိယာယ်သုံးပြီး သမင်ဖိုကိုချဉ်းကပ်ပါတော့တယ်။

"အို . . . ဗျို၊ ဦးချိုခက်နွယ်အသွယ်သွယ်နဲ့ တယ်လဲကျက်သရေရှိပေတဲ့ သမင်မင်းပါပဲလား"

မြေခွေးရဲ့ အမြှောက်အပင့်စကားလုံးတွေထဲမှာ သမင်ဖိုလဲ နစ်မျောမှန်းမသိ နစ်မျောသွားခဲ့တယ်။ သူ့ကို 'သမင်မင်း'လို့ ဆိုလိုက်တဲ့အတွက် ဘဝင်လဲမြင့်သွားခဲ့ပါရောလား။

"ဘာကိစ္စရှိလို့ပါလိမ့် အဆွေမြေခွေး"

"ကိစ္စကတော့ ကျွန်ုပ်ရဲ့အရှင်သခင်ခြင်္သေ့မင်းက အရှင်သမင်မင်းကို မဟာမိတ်ဖွဲ့ချင်လို့ သူ့ရဲ့စံနန်းတော်ရွှေဂူရှိရာကို အလည်အပတ်လာဖို့ ဖိတ်ကြားတာကို လာရောက်လျှောက်ထားခြင်းပါပဲ"

မြေခွေးရဲ့စကားတွေကို ကြားလိုက်ရတော့ သမင်ဖိုဟာ ဖြစ်နိုင်၊ မဖြစ်နိုင် မစဉ်းစားမဆင်ခြင်မိဘဲ–

"ခြင်္သေ့မင်းဟာ သမင်မင်းဖြစ်တဲ့ငါ့ကို မဟာမိတ်ဖွဲ့ချင်တာဟာ ငါ့အတွက်တော့ တကယ့်ကိုတန်ဖိုးမဖြတ်နိုင်တဲ့ ဆုကြီးလာဘ်ကြီးပဲ၊ ငါတို့မင်းနှစ်ပါး မဟာမိတ်ဖြစ်သွားကြပြီဆိုရင် ဒီတောအုပ်ထဲမှာရှိကြတဲ့ သားရဲတိရစ္ဆာန်အပေါင်းဟာ ငါ့ကိုလေးစားခံ့ညားသွားကြမှာအမှန်ပဲ၊ ငါ့ရဲ့ဂုဏ်သတင်းဟာလဲ ကြီးမားသည်ထက် ကြီးမားသွားလိမ့်မယ်"

အဲဒါနဲ့ သမင်ဖိုလဲ မြေခွေးရဲ့ ကမ်းလှမ်းချက်ကို လက်ခံတဲ့အကြောင်း စကားပြန်လိုက်တယ်။

"ဝမ်းသာလိုက်တာသမင်မင်းရယ်၊ ဒါဖြင့် မနက်ဖြန်ကျရင် ဒီရေကန်နားကိုပဲလာခဲ့ပါ၊ ကျွန်ုပ်လာရောက်ပင့်ဆောင်ပါ့မယ်၊ အခုကျွန်ုပ်ခြင်္သေ့မင်းရှိရာသွားပြီး အကြောင်းပြန်လို့ ပြင်ဆင်စရာရှိတာတွေပြင်ဆင်လိုက်ပါအုံးမယ်"

ဒီလိုနဲ့မြေခွေးလဲ အမြီးတနန့်နန့်နဲ့ ထွက်သွားတော့တယ်။ သူတို့အပြန်အလှန်ပြောဆိုနေတာတွေကို အစအဆုံးကြားခဲ့ရတဲ့ ဖီးကွက်ဟာ မနေသာပါဘူး မဖြစ်သင့်တာမဖြစ်ရအောင် တားမြစ်မှပဲလို့ဆိုပြီး သမင်ဖိုရှိရာသွားပြီး–

"အဆွေသမင်၊ မြေခွေးဆိုတာမျိုးက ကောက်ကျစ်တတ်တယ်၊ ဒီတော့ သူ့စကားကို နားမယောင်ပါနဲ့၊ ခြင်္သေ့ဆိုတာမျိုးကလဲ ဘယ်သတ္တဝါကိုမှ အလွတ်ပေးရိုးထုံးစံမရှိဘူး၊ သင် မြေခွေးခေါ်ရာနောက် လိုက်သွားခဲ့ရင် ကိုယ်ကျိုးနည်းပါလိမ့်မယ်"

ဖီးကွက်က စေတနာရှေ့ထားပြီး တားမြစ်ပေမဲ့ လို့ စိတ်ကြီးဝင်နေတဲ့ သမင်အတွက်တော့ နားမဝင်ခဲ့

ပါဘူး။

"သွားစမ်းပါ . . . ဇီးကွက်ရာ၊ ကြားကနေ ဘာဖြစ်လို့များ မနာလိုမရှုဆိတ်ဖြစ်နေရတာတဲ့တုံး၊ သွား . . . သွား . . . ငါ့အနားက ထွက်သွားတော့"

နောက်တစ်နေ့ရောက်တော့ သမင်ဖိုလဲ မြေခွေး ချိန်းဆိုထားခဲ့တဲ့ ကြာမျိုးစုံရေကန်နားမှာ ကြိုရောက်ပြီးစောင့်နေခဲ့တယ်။ ဒီမြင်ကွင်းကိုမြင်တွေ့ရတဲ့ မြေခွေး အဖို့တော့ သူဆင်ထားတဲ့အကွက်ထဲဝင်ပြီဆိုပြီး ဝမ်းသာ လုံးဆို့လို့ပေါ့။ ဒါနဲ့ သမင်ဖိုကိုဦးဆောင်လို့ ခြသေ့်မင်း စောင့်စားနေတဲ့ဂူကြီးရှိရာကို လှမ်းလာကြတော့တယ်။

သမင်ဖိုခမျာ ဂူဝရောက်တယ်ဆိုရင်ပဲ သား ကောင်ချောင်းနေတဲ့ ခြသေ့်မင်းဟာ ဝုန်းခနဲဆိုပြီး ခုန်အုပ် ဖမ်းဆီးသတ်ဖြတ်လိုက်တာ ဘာမှတောင် စကားမဟ နိုင်တော့ဘူး။ အသက်နဲ့ခန္ဓာအိုးစားကွဲသွားရတော့တယ်။

"မောင်မင်း မြေခွေး၊ အသင်တော်ပါပေတယ်၊ ဒီလိုမျိုးဆူဆူဖြိုးဖြိုးရှိလှတဲ့ သမင်သားကို ပွဲတော် မတည်ရတာ တော်တော်တောင်ကြာခဲ့ပြီပဲ"

"ကဲ . . . မောင်မင်း ဒီသမင်အသေကောင်ကို စောင့်ကြည့်ထား၊ ငါအိပ်ရေးမဝသေးလို့ တစ်ရေး လောက် နပ်လိုက်အုံးမယ်၊ နိုးလာတော့မှ တဝကြီး ပွဲတော်တည်မယ်ဟေ့"

မြေခွေးကို တာဝန်ပေးပြီးတဲ့နောက်မှာတော့ ခြသေ့်မင်းလဲစိတ်အေးလက်အေးနဲ့ ဂူထဲဝင်ပြီးအိပ်စက် အနားယူပါတော့တယ်။

မြေခွေးဟာ ခြသေ့်ကြီးရဲ့ ဟောက်သံကို နားစွင့် နေခဲ့တယ်။ အခြေအနေစိတ်ချပြီဆိုတော့မှ သမင်ဖိုရဲ့ ဦးခေါင်းကိုဖောက်ပြီး အထဲကဦးနှောက်တွေကိုထုတ် လို့ အားပါးတရ စားသောက်တော့တယ်။

"အားပါးပါး၊ တယ်လဲအရသာရှိတဲ့ ဦးနှောက် ပေပဲ၊ လျှာကြောတစ်ခုလုံး ဆိမ့်နေတာပါပဲလား၊ အာဂ ပါးစပ်တော့ မြေခွေးဖြစ်ရကျိုးနပ်ပြီဟေ့"

မြေခွေးဟာ ဦးနှောက်တစ်ခုလုံး အားပါးတရ စားသောက်ပြီးတဲ့နောက် ခြေရာလက်ရာမပျက်ထား လိုက်တယ်။ သူ့ရဲ့ပါးစပ်ကိုလဲ သန့်ရှင်းအောင်လျှာနဲ့ သိမ်းလို့ပေါ့။ပြီးတော့ခြသေ့်မင်းနိုးလာပြီးစားသောက် ရာက ကြွင်းကျန်ရစ်မဲ့ အရိုးအသားတွေကိုလဲ မျှော် တလင့်လင့်နဲ့ပေါ့။

အတော်ကလေးကြာတော့ ခြသေ့်မင်းနိုးလာပြီး ဂူထဲကထွက်လာတယ်။ ပြီးတော့ သမင်သေရှိရာကို သွားပြီးဦးနှောက်ကိုစားဖို့လုပ်တယ်။ဒါပေမဲ့ဦးနှောက် က လုံးဝမရှိဘူး ဖြစ်နေတယ်။ ဒီတော့ ဒေါသတကြီး ဖြစ်လာခဲ့တယ်။

"ဟေ့ကောင် . . . မင်း ငါကြိုက်တဲ့ ဦးနှောက် ကို စားလိုက်ပြီပေါ့လေ ဟုတ်လား"

"မ . . . မ . . . မစားရပါဘူးအရှင်"

"ဒါဖြင့် . . . ဒီသမင်ရဲ့ဦးနှောက်က ဘယ်မှာလဲ"

ဒီအခါ အင်မတန်မှ ဉာဏ်များတဲ့မြေခွေးက–

"အရှင်ခြသေ့်မင်း"

"ဘာတုံး"

"ဦးနှောက်ဆိုတာဟာ စဉ်းစားဆင်ခြင်တာနဲ့ ဆိုင်တယ်မဟုတ်လား"

"ဟုတ်တယ်လေ အဲဒါဘာဖြစ်လဲ"

"အရှင်ခြသေ့်မင်း စဉ်းစားကြည့်ပါ၊ ဒီသမင် ကောင်ဟာ သူ့မှာဦးနှောက်ရှိရင် ဒီဂူရှိရာကို လာပါ့ မလား"

ခြသေ့်မင်း တွေခနဲ ဖြစ်သွားတယ်။

"အခု . . . သူဟာ ဦးနှောက်မရှိတဲ့အတွက် သေရမှာကိုတောင် မစဉ်းစားမဆင်ခြင်ဘဲ ရောက်လာ ခဲ့တယ်ဆိုတော့ ဦးနှောက်မရှိလို့ဘဲပေါ့"


"အေး . . . ဟုတ်တယ်၊ မောင်မင်းပြောတာ အမှန်ပဲ"

အလျှောက်ကောင်းတဲ့ မြေခွေးကြောင့် ခြသေ့် မင်းလဲ သမင်ရဲ့အသားတွေကိုပဲ စားသောက်နေပါ တော့တယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ ။

**နန္ဒာမိုးကြယ်**


ကာတွန်းမိုးထက်မိုး
ပိပိ
Pi Pi
Cartoon: Moe Htet Moe
TR: Nyein Chan Phyu
A bird cage bought by my father is the start of this story.
I've got it from the shop selling the used things.
It looks like a lamp.
Yeah..
It's made of coconut shell and it's so lovely.
It's good that the sunbirds come to live in it.
If we are here, the birds will not come. So let's stay inside.
Yes, of course.


သိပ်မကြာခင်တွင် ဗိုင်းရပ်စ်အချို့သည် ကျုံးကျော်ဝင်ရောက်လာသည်။
Recently some viruses enter the compound.
လေရှိသရွေ့ ငါတို့သွားလို့ရတယ်
ဟားဟား
We can go with the wind. Ha.. ha..
ပန်းရွက်မှာနေရာရပြီ
We take the place on a leaf of this flower.
လူတွေကို ဒုက္ခပေးဖို့အသင့်
We are ready to give trouble to human.
လူတွေဟာငါတို့ရဲ့ရန်သူ
Human is our enemy.
သူတို့ဒုက္ခရောက်စေရမယ်
They may get into trouble.
ဟော..ဟိုမှာလူတွေထွက်လာပြီ...သူတို့လက်မှာကပ်နိုင်အောင်လုပ်ကြ
People are coming. Let's try to stick on their hands.
မီအောင်လိုက်ဟေ့
Get hold me if you can.
လိုက်ပြီ
Ok.



ဟေ့… အန္တရာယ်ရှိတယ် ရပ်လိုက်
Hey! It is dangerous. Stop!
ဟင်
Hmm....
?
မီးလုံးငှက် မီးလုံးငှက်
Bulb bird!
ပိပိ
Pi.... Pi....
ငါ့နာမည် ပိပိ
My name is Pi Pi.
ထူးဆန်းတယ်
It's very strange.
မင်းတို့အဖေယူလာတဲ့ အုန်းမှုတ်ခွက်အိမ်က ငါ့နန်းတော်ပဲ
The coconut shell bird cage that your father has brought is my palace.
ပိပိ
Pi...Pi...
ဟော..ဟိုသစ်ရွက်ပေါ်မှာ မင်းတို့ကို ဒုက္ခပေးမဲ့ဗိုင်းရပ်စ်တွေရှိနေပြီ
The viruses giving you trouble are on the leaf over there.
ပိပိ
Pi...Pi...
ဟေ
Hay!
ဟာ...ငါတို့ကို မြင်သွားပြီ
Oh! They see us.


Ahh..! How do they come here?
Pi...Pi..
We have to run.
Bring the match and candle, Phaye Phaye.
?
Yeah..
Pi...Pi..
We have to fire the leaf on which the viruses are.
Oh god! It's hot! It's hot!
Both the leaf and the tree become ash.
Die!
I am making a artificiality cloud. Rain on the ash.
Pi...Pi..
Harr! Surprise!
Wow!


လမ်းမှား
ထွန်းထွန်းဝင်း
(ရန်ကုန်တက္ကသိုလ်)
Wrong Way
Cartoon: Tun Tun Win
(Yangon University)
TR: Nyein Chan Phyu
ဖေဖေသည်သိုင်းဆရာကြီးဖြစ်၍ ကျွန်တော်ကသိုင်းပညာသင်လိုကြောင်း ပြောပါသည်။
My father is a Myanmar martial arts (Thaing)master. I told him that I would like to learn Thaing.
သိုင်းပညာကို သားက ဘာလို့သင်ချင်ရတာလဲ
Why do you want to learn Thaing?
နိုင်တူးတို့နဲ့ရန်ဖြစ် ချင်လို့ပါ။
I want to fight against Naing Too.
အင်း...သားကိုသိုင်း ပညာသင်ပေးရင် မြင်းကိုချိုတပ်ပေး သလိုဖြစ်လိမ့်မယ်
If I teach him Thaing, it seems as I aided and abetted him.
ဖေဖေက ကျွန်တော့်ကို သင်မပေးပါ။
My father did not teach me.
တစ်နေ့တွင်ဖေဖေ၏စာအုပ်စင်မှ သိုင်းပညာ စာအုပ်ကို ယူဖတ်ပါသည်။
One day, I took and read a martial arts book from my father's bookshelf.


ဒီကိုးကွက်သိုင်းကို မှတ်ထားပြီး လေ့ကျင့်မယ်...
I will have to make a mental note about these nine forms to practice.
ထို့နောက်...သံချောင်းမှာတစ်ယောက်တည်း လေ့ကျင့်ပါသည်။
And then, Than Gyaung practiced alone.
နောက်တစ်နေ့တွင်...
The next day...
မင်းငါ့ကိုရန်စတာလား
Do you provoke me?
နိုင်တူးကို ရန်စပြီး သိုင်းပညာဖြင့် ထိုးနှက်လိုက်သည်။
After picking a fight, he wallops Naing Too.
ဟား...ဟား...ဟား ...ငါသိုင်းသမားကွ...
Ha.. ha..ha.. I'm a martial artist.
နောက်တစ်နေ့တွင်...
The next day....
သံချောင်းဝယ်တယ်
I buy iron bars (Than Gyaung).


မင်းက ငါ့နာမည်ခေါ်ပြီး ရန်စတာလား ...
Do you provoke me by calling my name?
ဟာ...မဟုတ်ပါဘူး သံတိုသံစ ဝယ်တာပါ
No, I don't. I want to buy pieces of iron bars.
ငါ့နာမည် သံချောင်းကွ သိုင်းသမား...ကဲ...
My name is Than Gyaung. I'm the martial artist.
ငါကလဲ သိုင်းသမား ပါကွ...
I'm also the martial artist.
Pah.... Pah...
Euh....
ဝမ်းနည်းပါတယ် သွားပါအုံးမယ်။
I'm sorry. Let me go.


ပညာနဲ့တော့မနိုင်ဘူး ခဲနဲ့ပေါက်မယ်...
I can't defeat him by martial arts. I'll throw this stone at him.
ထိုစဉ် ဖေဖေရောက်လာပြီး ကျွန်တော့်လက်ကို ဆွဲထားပါသည်။
Meanwhile, my father reached and hold my hand.
ဘာလုပ်တာလဲ သံချောင်း
What are you doing, Than Gyaung?
သိုင်းပညာ မတတ်ဘဲ ရန်စတာ မင်းခံရပြီ မဟုတ်လား...
You was defeated as you provoked other without being skilled in the martial arts.
ဟုတ်ကဲ့ ဖေဖေ
Yes. Of course, Dad.
ပညာကိုပညာနဲ့ ပြိုင်ရတယ်အခုလို လက်နက်နဲ့ အနိုင်မကျင့်ရဘူးကွ...
You should test someone's skill by yours. Don't be bully by using weapons.
ဖေဖေ့စကားကြောင့်ကျွန်တော် ရှက်မိပါသည်။
As my father's words, I was shamed.
မြန်မာ့ရိုးရာသိုင်းပညာကိုထိန်းသိမ်းပြီး ကိုယ်ခံပညာအဖြစ် တတ်ထားသင့်တယ်...ရန်ဖြစ်တဲ့ ပညာမဟုတ်ဘူး ပြီးတော့စနစ်တကျသင်ဖို့လဲလိုတယ်။
You should preserve Myanmar traditional martial arts as well as learning it as the defensive skill. It is not for provoking others. And you should learn systematically.
ဟုတ်ကဲ့... သဘောပေါက်ပါပြီ ဖေဖေ
Yes, I understand, Dad.
ပြီး


Pyar Pu Kway
Cartoon: Moe Thwin
TR: Nyein Chan Phyu
ပြာပုကွေး
ကာတွန်းသရုပ်ဖော် မိုးသွင်
အေးချမ်းသောဆောင်းရာသီ...
It is the cold season.
ဟေ့... ဘိုတောက် အိမ်ရှေ့မှာထိုင်ပြီး ဘာလုပ်နေတာလဲကွ
Hey... Bo Tauk, what are you doing in front of the house?
ချမ်းလို့ပါ ပြာပုကွေးရာ
I'm feeling cold, Pyar Pu Kway.


ထိုင်နေရင်ပိုချမ်းမှာပေါ့ကွာ...လာ ငါနဲ့လမ်းလျှောက်ရအောင်
If you sit like that, you feel colder. Let's walk together.
လမ်းလျှောက်တာက အချမ်းလဲ ပြေ၊ကျန်းမာရေးနဲ့လဲညီညွတ်တယ်ကွ
By walking, we don't feel cold any more and we are in good health.
ချမ်းရင်လဲ အိပ်ရာထဲမှာ စောင်ခြုံပြီးနေပေါ့ ဘာဖြစ်လို့အပြင်မှာနေလဲ
If you are cold, you should be in bed by wrapping in the blanket. Why have you stayed outside?
ငါ့မှာခြုံစရာစောင်မှ မရှိတာကွာ ...
I haven't got any blanket.
ဖြစ်ရလေ ဘိုတောက်ရယ်...
Oh! my dear Bo Tauk.



၇ ရက်ခန့်ကြာသော်
Seven days later...
ဟော့...ပြာပုကွေး မင်းကိုပြောရအုံးမယ်
Pyar Pu Kway, I have to say you.
အေး... ပြောလေ ဘာများလဲ
Yes, say what?
ဟိုနေ့က ပိုက်ဆံအိတ် တစ်လုံးကောက်ရတယ်
On the other day, I picked up a purse by chance.
အဲဒါပိုင်ရှင်ကိုပြန်ပေးတော့ကျေးဇူးတင်လို့ ငါ့ကိုဘာလိုချင်လဲသူလက်ဆောင်ပေးမယ်လို့ပြောတယ်ကွ
When I gave it to the owner, he thanked me and will give me present what I want.
မင်းကဘာလိုချင်တယ် ပြောလိုက်လဲ
Did you say what you want?
ဖုန်းတစ်လုံး လိုချင်တယ်လို့ ပြောလိုက်တယ်
I said I wanted a mobile phone.


မင်းမှာတကယ်လိုအပ်တာက စောင်လေ ဘာဖြစ်လို့ ဖုန်းကိုတောင်းရတာလဲ
You really need a blanket. Why did you ask to give a mobile phone?
လူတိုင်းကဖုန်းကိုင်နေကြတော့ ငါလဲဖုန်းကိုင်ချင်တာပေါ့ကွာ ဂိမ်းလဲဆော့လို့ရတယ်ကွ
As everyone has a phone, I want to have one. I can play games with this mobile phone.
ဒါပေမဲ့ ညရောက်ရင်တော့ ချမ်းနေတုန်းပဲကွ
However, I feel cold at night.
ဒါဆိုလဲဖုန်းကိုခြုံအိပ် လိုက်ပေါ့ကွာ၊ မင်းက လိုအပ်တာကိုမတောင်း ဆိုဘဲ လိုချင်တာကို တောင်းဆိုတာကြီးကွ ခံပေါ့ကွာ...ချမ်းပေါ့
If so, sleep by covering yourself with the mobile phone.You didn't ask for what you needed but ask for what you wanted. It's your fault. Feel cold.
ပြီး


Nyi Pu
Nyi Pu
Cartoon: Swe Chit
TR: Nyein Chan Phyu
Aww... What does Ni Kyaung imagine and why is he smiling?
Hey! Ni Kyaung!
Oh God!
I'm scared out of my wits, Nyi Pu.
Why are you grinning?
After watching the film of Aladdin, I like the Genie and so I'm smiling. Hee...


The Genie in this film can create everything. I like it very much.
You may eat them.
Hmm...
If I had such lamp.
You've just imagined but it is in the evening. Your mother has told me to send you home if I see you.
Harr! Certainly? If so, I go back home. If not, I will be beaten by my mother.
I also want a lamp as Ni Kyaung has told. Hee...


ညီပု အိမ်သို့ပြန်ရောက်သော အခါ...
အလို
Huh?
When Nyi Pu has reached home...
မီးခွက်အဟောင်းကြီး တစ်လုံးပါလား... အိမ်မှာ ပဲ တစ်ခါမှ မတွေ့ ဖူးပါဘူး
Here is an old lamp! At home, I have never seen it before .
ထူးထူးဆန်းဆန်း ဘယ်ကရောက်လာ ပါလိမ့်...
Where has it come from strangely?
ငါ့ဆန္ဒကို နတ်ကောင်းနတ် မြတ်တွေက မကြွေညှိ့ရက်လို့ ဖြည့်ဆည်းပေးတာများ လား..တကယ်ဆိုရင်ပေါ့
Do the good gods fulfill my wish? If it was really.
အင်း... အာလာဒင်ကားထဲကလို မီးခွက်စောင့်ဘီလူးကြီးရှိ တဲ့ မီးခွက်မျိုးလား
Ehm.... Is it a lamp with a Genie in the Aladdin film.
လောကကြီးမှာမမြင် နိုင်တဲ့အရာတွေအများ ကြီးရှိတယ်။ငါထင် တာတကယ်ဖြစ် နိုင်တယ်
In the world, there are many things that we can't see with our visual eyes.
တူး တူး
နီကြောင်သာသိရင် သိပ်ပျော်မှာပဲ အဟား ဖုန်းဆက်ပြီးလှမ်းခေါ်မှ
If Ni Kyaung knows about this, he will be very happy. Ah haa... I'm calling him to fetch.


And so...
Rub, Nyi Pu. Rub it thoroughly.If you do, the Genie will come out of it.
Let it be.
I rub it again and again. Even my hands become hurt.
It is that you are not worthy with this lamp.
Mean while...
What?
Humm... My nephews clean the lamp.It is for lighting when the electricity has breakdown.
I found it in the store.Take this pocket money as you have cleaned the lamp.
And then...
Nyi Pu!
I have imagined too much.
The Genie does not help us but my uncle helps.
Let's go and eat snacks.Hee..

တေဇဝတ္ထုတို

# ကျွန်တော်လဲ ကျောင်းနေချင်တာပေါ့!

မေဇွန်အေး

နိုင်ဇော်ဟာ ရပ်ကွက်ထဲမှာ လူတိုင်းကသဘောမကျတဲ့သူလို့ဆိုရမယ်။ ရပ်ကွက်ထဲက လူကြီးတွေထက် ရွယ်တူကလေးတွေက သဘောမကျဘူးဆိုရင် ပိုမှန်မယ်။ နိုင်ဇော်က အသက် ၁၂ နှစ်ဆိုပေမဲ့အရပ်ကပုနေတော့ သူ့ကိုငယ်တယ်လို့ပဲ ထင်ကြတယ်။ အသားကမည်း၊ အရပ်ကလဲပုဆိုတော့ သူ့ကို ဘယ်သူမှ အရာမသွင်းကြဘူးလေ။ နိုင်ဇော်က ကျောင်းလဲမတက်ဘူး။ သူ့ဘကြီးရဲ့ကြံရည်ဆိုင်မှာ ကူရောင်းပေးတယ်။ နိုင်ဇော်က မိဘတွေမရှိတော့ လူပျိုကြီးဖြစ်တဲ့ ဘကြီးဦးစန်းမောင်ကိုပဲ အားကိုးအားထားပြုနေရတယ်။



**"သူတို့က ကျောင်းတက်နေကြရပြီး ကျွန်တော်က ကျောင်းမတက်ရတော့ သူတို့ကိုအမြင်မကြည်ဘူး ဖြစ်နေတာ၊ အဲဒါကြောင့် သူတို့အရိုက်ခံရအောင် ကျွန်တော်လုပ်မိတာပါ"**

ရွာထဲက ကလေးတွေ ကျောင်းဆင်းလို့ အိမ်ပြန်ချိန် ဆိုရင် နိုင်ဇော်က ကျောင်းဝင်း အနီးအနားမှာ အမြဲရှိနေတတ် တယ်။ ကျောင်းလွယ်အိတ် လွယ်ပြီးပြန်လာတဲ့ သူနဲ့ရွယ်တူ ကလေးတွေကို ငေးကြည့်နေ တတ်တယ်။ အဲဒီအချိန်က သူ့ဘကြီးရဲ့ကြံရည်ဆိုင်မှာ လူရှင်းနေချိန်ဆိုတော့နိုင်ဇော့် အဖို့ အားနေချိန်လဲဖြစ်တယ်။ သူ့ကိုမြင်ရင် ကလေးတွေက ခြေလှမ်းသွက်သွက်နဲ့အိမ်ကို အမြန်ပြန်ကြတယ်။ ကလေးတွေက သူ့ကို 'ဂျပု'လို့ သူ့နောက်ကွယ်မှာ တိတ်တိတ်ကလေး နာမည်ပေးထား ကြတယ်။

"ဟိုမှာ ဂျပုရောက်နေပြီ၊ မြန်မြန်သွားကြစို့"

ကလေးတွေက နိုင်ဇော့်ကို ဘာဖြစ်လို့ကြောက် ပြီးရှောင်ရှားကြတာလဲဆိုတော့ ကြံရည်လာဝယ်တဲ့ ကလေးတွေဆီက ပိုက်ဆံကို နိုင်ဇော်ကလုယူတတ်လို့ ပါ။ ကလေးတွေက ပြန်လုတဲ့အခါ နိုင်ဇော်ကပြန်လုပြီး လက်သီးနဲ့ထိုးလေ့ရှိတယ်။ ကလေးတွေက ကြံရည်ဝယ် ဖို့ ပိုက်ဆံမရှိတော့တဲ့အပြင် နိုင်ဇော်ရဲ့အနိုင်ကျင့်တာ ကိုပါခံရတော့ ငိုပြီးအိမ်ပြန်ကြတယ်။ အဲဒီအကြောင်းကို အလုပ်များတဲ့သူ့ဘကြီးက မသိရှာဘူး။

ကြံရည်ထုပ်ပါမလာတဲ့ကလေးက အိမ်ပြန် ရောက်တဲ့အခါ သူ့မိဘတွေကို ငိုပြီးသူ့အဖြစ်ကိုတိုင် တယ်။ အဲဒီအခါ ကလေးမိဘက နိုင်ဇော်တို့ဆိုင်ကို ဒေါသတကြီးနဲ့ ရန်တွေ့ဖို့သွားတော့တာပေါ့။

"ဒီမှာဦးစန်းမောင် . . . ခင်ဗျားတူကကျွန်တော့် သားကြံရည်လာဝယ်တာကို ပိုက်ဆံလုယူလိုက်ပြီး ကျွန်တော့်သားကိုလဲ ထိုးလွှတ်လိုက်သေးတယ်ဗျာ၊ အဲဒါ ခင်ဗျားတူကိုခေါ်ပြီး ဆုံးမပေးပါ၊ ကျွန်တော့် ပိုက်ဆံလဲပြန်လိုချင်တယ်"

ဦးစန်းမောင်လဲ စိတ်တိုသွားပြီး နိုင်ဇော့်ကိုခေါ် လိုက်တယ်။

"ဟေ့ကောင် . . . နိုင်ဇော်၊ လာစမ်းပါအုံး၊မင်း ဘာမဟုတ်တာတွေလုပ်လိုက်တာလဲ၊ လာရှင်းစမ်းပါအုံး"

နိုင်ဇော်က အစီအစဉ်ကျအောင်လုပ်ထားတော့ သူ့ဘကြီးနဲ့လာတိုင်တဲ့သူကို အခုလိုပြောလိုက်တယ်။

"မဟုတ်ဘူး ဘကြီး၊ သူ ကြံရည်လာဝယ်တော့ ကျွန်တော်ကကြွပ်ကြွပ်အိတ်နဲ့ ထည့်ပေးလိုက်တယ်၊ ဆိုင်ထဲက သူပြေးထွက်သွားတော့ ကျောက်ခဲကို ခလုတ်တိုက်ပြီး လဲကျသွားတယ်၊ အဲဒီတော့ အိတ်ကွဲ ပြီး ကြံရည်တွေထွက်ကျကုန်တာပေါ့၊ မယုံရင် ဟိုမှာ သွားကြည့်ပါ၊ ဖိတ်နေတဲ့ ကြံရည်တွေ တွေ့လိမ့်မယ်"

နိုင်ဇော်ရဲ့ဘကြီးနဲ့ လာတိုင်တဲ့ဦးလေးလဲ ဖိတ်စဉ်နေတဲ့ကြံရည်နဲ့ ကွဲနေတဲ့ကြွပ်ကြွပ်အိတ်ကို တွေ့လိုက်ရတယ်။

"အဲဒါပဲ၊ ကလေးတွေက သူတို့အပြစ်ကို ဖုံးကွယ်ချင်တာနဲ့ ညာဏ်နီညာဏ်နက်ထုတ်သုံးတော့တာ ပဲ"

လာတိုင်တဲ့လူလဲ မျက်စိလည်သွားပြီး အိမ် ရောက်တဲ့အခါ သူ့ကလေးကို ရိုက်ပါတော့တယ်။ ကလေးကရှင်းပြပေမဲ့ မယုံကြည်တော့ဘူး။ ဒါ့ကြောင့် အဲဒီလိုလုပ်တတ်တဲ့နိုင်ဇော့်ကို ကလေးတွေကရှောင် ကြတယ်။

❑



တစ်နေ့မှာတော့ ရွာကျောင်းလေးကို ကျောင်းဆရာအသစ် ဦးလှမြင့်ဆိုတဲ့ လူငယ်ကျောင်းဆရာတစ်ယောက်ပြောင်းလာပါတယ်။ ဆရာက အသင်အပြလဲကောင်း၊ ကလေးတွေနဲ့လဲ ရင်းရင်းနှီးနှီးနေတော့ တပည့်အားလုံးက ချစ်ခင်လေးစားကြတယ်။ ကလေးတွေနဲ့ စကားစပ်မိရာက နိုင်ဇော့်အကြောင်းကို ဆရာဦးလှမြင့် သိလာပါတယ်။ ဆရာဦးလှမြင့်က နိုင်ဇော်ရဲ့စိတ်ကိုစမ်းသပ်ဖို့ အကြံတစ်ခုရလိုက်တယ်။

ဆရာ့အစီအစဉ်အရ ဆရာက နိုင်ဇော်တို့ဆိုင်မှာ ကြံရည်သောက်ဟန်ဆောင်ပြီး နိုင်ဇော့်ကိုအကဲခတ်နေပါတယ်။ ဆရာစီစဉ်ထားတဲ့အတိုင်း ကျောင်းသားတိုးမြင့်က ကြံရည်လာဝယ်ပါတယ်။ တိုးမြင့် ကြံရည်ဝယ်ဖို့ဝင်လာတာနဲ့ နိုင်ဇော်က ထုံးစံအတိုင်း ပိုက်ဆံလုပြီး ထိုးလွှတ်တယ်။ ဆရာကဘာမှမပြောသေးဘဲကြည့်နေပါတယ်။ နောက်တစ်ယောက် ခင်အောင့်ကိုလဲ စီစဉ်ထားသလို ကြံရည်ဝယ်ခိုင်းပြန်ပါတယ်။ နိုင်ဇော်က ခင်အောင်ရဲ့ပိုက်ဆံကိုလုပြီး ထိုးကြိတ်မယ်လုပ်နေတုန်း ဆရာဦးလှမြင့်က နိုင်ဇော့်ပခုံးကိုဆွဲလှည့်လိုက်ပြီး –

“နိုင်ဇော် မင်းအဲဒါဘာလုပ်တာလဲ၊ ခုနက တိုးမြင့်ကိုလုပ်လိုက်တာ ဆရာမြင်တယ်၊ နောက်တစ်ခါခင်အောင်ကိုလဲ လုပ်ပြန်တယ်၊ ကဲ . . . အခု မင်းလုပ်တာတွေကို အမှန်အတိုင်းဝန်ခံလိုက်ပါ၊ ယောကျာ်းဆိုတာ လုပ်ရဲရင်ခံရဲရမှာပေါ့”

နိုင်ဇော့်ဘကြီးလဲ အခြေအနေအားလုံးကိုသိသွားပြီး နိုင်ဇော်လုပ်ခဲ့တဲ့ အပြစ်တွေကိုဝန်ခံခိုင်းတယ်။ အဲဒီအခါ နိုင်ဇော်လဲ သူလုပ်ခဲ့မိတဲ့အပြစ်တွေကို ဝန်ခံလိုက်ပါတယ်။

“ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ”

ဆရာကမေးလိုက်တဲ့အခါ နိုင်ဇော်က မျက်ရည်စမ်းစမ်းနဲ့ ပြန်ပြောတယ်။

“သူတို့က ကျောင်းတက်နေကြရပြီး ကျွန်တော်က ကျောင်းမတက်ရတော့ သူတို့ကို အမြင်မကြည်ဘူးဖြစ်နေတာ၊ အဲဒါကြောင့် သူတို့အရိုက်ခံရအောင် ကျွန်တော်လုပ်မိတာပါ”

“ဘကြီးဦးစန်းမောင် ကြားပါတယ်နော်၊ သူ့မှာ ကျောင်းနေချင်တဲ့စိတ်ကြောင့် ကျောင်းတက်နေတဲ့ကလေးတွေအပေါ်မှာ သူ့ရဲ့မသိစိတ်ကမကျေမနပ်ဖြစ်နေတာ၊ ကျောင်းလွှတ်ချိန်တိုင်း ကျောင်းနားမှာ ကလေးတွေကိုငေးမောပြီး အားကျစိတ်နဲ့ လာလာကြည့်နေတာ ကျွန်တော်သတိပြုမိတာ အခါခါပါပဲ”

နောက်ဆုံးတော့ ဦးလှမြင့်က နိုင်ဇော်ကျောင်းနေစေရေးအတွက် အစစအရာရာတာဝန်ယူပါမယ်လို့ နိုင်ဇော့်ဘကြီးထံ ခွင့်တောင်းလိုက်ပါတော့တယ်။

“နိုင်ဇော် . . . ကျောင်းတက်ချင်သလား”

“ဟုတ်ကဲ့ . . . ကျွန်တော် ကျောင်းတက်ချင်ပါတယ်ဆရာ”။ ။

**မေဇွန်အေး**

# မြန်မာဝေါဟာရ ကဗျာများ

## ရှေးကမြန်မာ ပညာရှာ

‘ကံ့ကူတံ’ နဲ့ ‘ကံ့ကူဆံ’
ရှေးသုံး ပစ္စည်းမှန်။
စာရေးသားရန် ကျောက်တစ်မျိုး
ပုရပိုက်မှာ စာရေးထိုး။

နွေမှာပွင့်ရိုး ‘ပန်းကံ့ကော်’
တန်ခူးရဲ့ မိတ်ဖော်။
ဥသြ အော်မြည် မြိုင်တစ်ကြော
ရှုဖွယ် လွန်သာမော။

ကံ့ကော်ပင်အောက် ထိုင်နားကာ
ကံ့ကူဆံနဲ့ စာရေးပါ။
ရှေးကမြန်မာ တို့ဘိုးဘွား
စာတတ်မြောက်ဖို့လွန်ကြိုးစား။ ။

.................................

## ရှင်ကောဏ္ဍည ကြီးဒုက္ခ

မောင်‘ကောက်ရ’လေး ရှင်ပြုလှူ
‘ကိုရင်’ ဝတ်မည့်သူ။
သာမဏေဘွဲ့ယူ ‘ကောဏ္ဍည’
ရိုခိုး ဦးချကြ။

ဘုန်းဘုန်းဘုရား ထံပါးမှာ
ပရိတ်ကြီး သင်ကာ။
ဆွမ်းခံကြွလာ အိမ်သို့ရောက်
ရွတ်ဖတ်ပြတာ အခေါက်ခေါက်။

‘ကုက္ကိုပင်’ အောက် တရားထိုင်
ညနေရောက်တော့ ငေးငေးငိုင်။
သူနိုင်ကိုယ်နိုင် အပြိုင်နွှဲ
ကိုရင့်စိတ်က ဘောလုံးပွဲ
ထိန်းချုပ်လို့ကို မရဘဲ။ ။

## ကောက်ပင်ရိတ်လှီးစကား

‘ကောက်ရိုးပုံ’ နံဘေးနားက
‘ကောက်ရိတ်သမား’ ‘ကိုကောင်းကျော်’။
‘ကောက်ညှင်းငချိပ်’ အဝလွေး
ကွေးကွေးလေး အိပ်လို့ပျော်။
‘ကောက်စိုက်သမ’ မဂွက်ထော်
‘ကောက်လှိုင်း’ နော် ပွေ့ကာပိုက်။
လူပျင်းပေါ် ဖြန့်ကာထားတယ်
အလွှားလိုက် အထပ်လိုက်။

‘ကောက်ကြီး’ ‘ကောက်လတ်’ ‘ကောက်လျင်’ စပါး
‘ကောက်သားထည့်’ အချိန်မှန်
‘ကောက်ပဲသီးနှံ’။
‘ကောက်ကျစ်စဉ်းလဲ’ သူခိုးညဏ်
လယ်သမားထံ မလာရ။
‘ကောက်ပြန့်’ပေါ် စန့်စန့်ကားမယ်
မှတ်ထားလိုက်ကြ။ ။

.................................

## မြင့်မြတ် လူသား

‘ကုန်းပြင်မြင့်’ ခရီးတစ်ထောက်
‘ကုန်းကြောင်း’လျှောက် သွားကြမည်
‘ခါးကုန်း’ နေပြီ။

‘မြင်းကုန်းနှီး’ ခိုင်ခိုင်ချည်
‘ကုန်စိမ်းသည်’ နဲ့ အတူတူသွား။

‘ကုန်းမ’လို့ မဆဲဆိုနဲ့
‘ကုန်းကျင်း’ကို ကျော်ကာဖြတ်လို့
‘ကုန်းရန်း’ကာ ဖွဲ့မာန်ထပ်ရင်
မြင့်မြတ် လူသား။ ။

**တင်လင်းဇော်**

စာစီစာကုံးပြိုင်ပွဲ

ပထမဆု



**မောင်မြတ်မင်းစံ**
**ဒသမတန်း**
**အ–ထ–က(မြို့မ)**
**နတ်တလင်းမြို့**

# အသင်းအဖွဲ့စိတ်ဓာတ်

နေစကြဝဠာတွင် ဂြိုဟ် ၉လုံးရှိရာ သက်ရှိများ ရှင်သန်နေထိုင်သည်ဟု သိပ္ပံပညာရှင်များ ဆိုကြသော ဂြိုဟ်မှာ တစ်လုံးသာရှိပေသည်။ ထိုဂြိုဟ်မှာ အခြား မဟုတ်။ ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေပင်ဖြစ် သည်။ ကမ္ဘာမြေပေါ်တွင်လည်း သက်ရှိများစွာရှိရာ အဆင့်အမြင့်ဆုံးသတ္တဝါဟုဆိုရမည့် လူအဖြစ်ကိုရရှိ ကြခြင်းမှာ အလွန်ကံကောင်းသည်ဟု ဆိုနိုင်ပေသည်။ လူသားများသည် အသိဉာဏ်အမြင့်ဆုံးသတ္တဝါများဖြစ် ပြီး ထူးခြားမြင့်မားသော စိတ်ခံစားချက်များလည်းရှိ ကြသည်။ ထိုစိတ်ခံစားချက်များတွင် စုပေါင်းဆောင်ရွက် လိုသော အသင်းအဖွဲ့စိတ်ဓာတ်ကား လွန်စွာထူးမြတ် လှပေသည်။

ကမ္ဘာဦးကျောက်ခေတ်မှစတင်၍ လူသားတို့ သည် တစ်ကိုယ်တည်းအမဲလိုက်ကာ နေထိုင်ခဲ့ကြသည်။ အစပိုင်းတွင် အဆင်ပြေခဲ့သော်လည်း ကျား၊ ဆင်၊ ခြင်္သေ့ကဲ့သို့သော တိရစ္ဆာန်များကို တစ်ကိုယ်တည်း အမဲ လိုက်ကြရာမှ ထိခိုက်ဒဏ်ရာရကာ နောက်ဆုံးသေဆုံး သည်အထိ ဘေးအန္တရာယ်ဖြစ်သည်ကို ခေတ်ဦးလူသား တို့ကြုံတွေ့ခဲ့ရသည်။ သို့နှင့် လူနှစ်ယောက်၊ သုံးယောက် စုပေါင်း၍အမဲလိုက်ရာမှ အထိအခိုက်နည်းလာသည်ကို တွေ့ခဲ့ရသည်။ အမဲလိုက်ရာတွင်သာမက သဘာဝဘေး အန္တရာယ်များနှင့် ကြုံတွေ့လာသောအခါတွင်လည်း တစ်ဦးတစ်ယောက်တည်း နေထိုင်ခြင်းထက် နှစ်ယောက်၊ သုံးယောက် စု၍နေခြင်းက ပို၍အန္တရာယ်ကင်းသည်ဟု သိမြင်လာခဲ့ကြသည်။ ဤသို့ နှစ်ယောက်၊ သုံးယောက် စု၍နေရာမှ ငါးယောက်၊ ထိုမှ ဆယ်ယောက်၊ နောက်ဆုံး တွင် ကျောက်ခေတ်ရွာကြီးများအဖြစ် စုပေါင်းနေထိုင် ခဲ့ကြသည်။ ထိုသက်သေကို ကျွန်ုပ်တို့မြန်မာနိုင်ငံရှိ ပြဒါးလင်းဂူတွင်တွေ့နိုင်ပေသည်။ အသင်းအဖွဲ့စိတ်ဓာတ် ၏အရေးပါပုံကို ကျွန်ုပ်တို့၏ ကမ္ဘာဦးဘိုးဘေးများ လက်ထက်ကတည်းကသိရှိခဲ့ကြပေသည်။ ကမ္ဘာဦးအစ ကတည်းကပင် အသင်းအဖွဲ့စိတ်ဓာတ်ကား အရေးပါခဲ့ ပေသည်။

မြန်မာ့သမိုင်းတွင်လည်း အသင်းအဖွဲ့စိတ်ဓာတ် ၏ အရေးပါပုံကို မီးမောင်းထိုးပြနေသော သမိုင်း ရာဇဝင်များရှိပေသည်။ 'မြန်မာမှန်လျှင် ပုဂံရောက်ဖူး ရမည်'ဟူ၍ မြန်မာနိုင်ငံသားများဆိုကြသော စကားရှိ ပေသည်။ အဘယ်ကြောင့် ဤသို့ ဆိုပါသနည်း။ ပုဂံ ဆိုသည်မှာ မြန်မာတို့ ပထမဆုံး စည်းလုံးညီညွတ်စွာ တည်ထောင်ခဲ့သော နိုင်ငံတော်ဖြစ်ပေသည်။ ပုဂံဟူ၍ ဖြစ်မလာခင်က မြန်မာနိုင်ငံတွင် 'သူတစ်လူ ငါတစ်မင်း' ထင်ရာစိုးနေကြသောကြောင့် မွန်ဂို စသောလူမျိုးတို့၏ ကျူးကျော်ခြင်းကို ခံခဲ့ရပေသည်။ ထိုသို့ အကွဲကွဲ အပြားပြားဖြစ်နေရာမှ အနော်ရထာမင်း ဦးဆောင်သော မြန်မာနိုင်ငံသားတို့သည် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တက်ညီလက်ညီတည်

ထောင်ခဲ့ရာ အင်အားအကြီးဆုံးဖြစ်လာခဲ့ပေသည်။ ပုဂံပြည်ကအခြေပြုသော ပထမမြန်မာနိုင်ငံတော်သည် အသင်းအဖွဲ့စိတ်ဓာတ် ပြိုပျက်သွားသောကြောင့်ပျက်သုဉ်းခဲ့ရသည်။ ထိုသို့ပြိုကွဲနေသော မြန်မာနိုင်ငံကို ဘုရင့်နောင်နှင့်ပြည်သူများက လက်တွဲညီညီ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပြန်လည်ထူထောင်၍ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ပေသည်။ ဒုတိယမြန်မာနိုင်ငံတော်သည်လည်း ထိုအချိန်က အလွန်စည်းလုံးခဲ့သောကြောင့် မြန်မာနိုင်ငံ၏ဧရိယာအကျယ်အဝန်းကား ကြီးမားကျယ်ပြန့်ခဲ့သည်။ ထိုသို့ လွန်စွာအင်အားကြီးခဲ့သော ဒုတိယမြန်မာနိုင်ငံတော်သည်လည်း ပျက်စီးခဲ့ရပေသည်။ အကြောင်းမှာ စည်းလုံးညီညွတ်မှုတည်းဟူသော အသင်းအဖွဲ့စိတ်ဓာတ်ပျက်စီးခဲ့သောကြောင့်ဖြစ်သည်။

တတိယမြန်မာနိုင်ငံတော်ဟူ၍ ပေါ်ပေါက်လာခဲ့သည်မှာလည်း အလောင်းမင်းတရားကြီးဖြစ်လာမည့် ဦးအောင်ဇေယျကဦးဆောင်ပြီး ထန်းလုံးခံတပ်များကာရံ၍ စည်းလုံးညီညွတ်စွာနေထိုင်ရန် တစ်နိုင်ငံလုံးရှိ မြန်မာနိုင်ငံသားများအား အသင်းအဖွဲ့စိတ်ဓာတ်ကို လက်ဆင့်ကမ်းပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထန်းလုံးခံတပ်မှသည် ယနေ့တိုင်ဝင့်ထည်စွာတည်ရှိနေသော မြနန်းစံကျော်ရွှေနန်းတော်ဟူ၍ အထင်ကရနန်းတော်ကြီးဖြစ်ပေါ်လာခဲ့သည်မှာလည်း အသင်းအဖွဲ့စိတ်ဓာတ်၏စွမ်းဆောင်မှုဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့ကစ၍ စည်းလုံးမှု အသင်းအဖွဲ့စိတ်ဓာတ်ကို စွန့်ပစ်ကာ ဖခမည်းတော် မင်းတုန်းမင်းကြီးကို လုပ်ကြံရန်ကြံစည်ခြင်းမှသည် တဖြည်းဖြည်းစည်းလုံးညီညွတ်မှုပြိုကွဲလာပြီး တတိယမြန်မာနိုင်ငံတော်ကြီးပျက်သုဉ်းကာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ လွတ်လပ်ရေးဆုံးရှုံးရာမှ မြန်မာတစ်နိုင်ငံလုံးရှိ နေရာအနှံ့အပြားမှ ထကြွကာ နယ်ချဲ့ကိုဆန့်ကျင်ပုန်ကန်ခဲ့ကြပေသည်။ သို့သော် မအောင်မြင်ခဲ့ပေ။ အကြောင်းကား အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် မလှုပ်ရှားဘဲ တစ်နယ်စီမှ ထကြွတော်လှန်နေခြင်းကြောင့်ဖြစ်သည်။ ထိုမှသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်တွင် တိုင်းရင်းသားခေါင်းဆောင်များက အသင်းအဖွဲ့စိတ်ဓာတ်ဖြင့်စုရုံးကာ မြန်မာပြည်သူပြည်သားတို့၏ စည်းလုံးညီညွတ်မှုကို သက်သေပြရန် ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုသို့ဖြင့် ရှေ့ဆက်ချီတက်ကာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပေသည်။ ထို့ကြောင့် မြန်မာ့သမိုင်းရာဇဝင်ကို လေ့လာကြည့်လျှင် အသင်းအဖွဲ့စိတ်ဓာတ်၏ အရေးပါအရာရောက်ပုံကို အထင်အရှားသိရှိနိုင်ပါသည်။

အသင်းအဖွဲ့စိတ်ဓာတ်ကို မြန်မာ့သမိုင်းတွင်သာမက ဘုရားဟောနိပါတ်တော်လာ ဇာတ်တော်များတွင်လည်း တွေ့နိုင်ပေသည်။ ဟင်္သာကိုးသောင်းနှင့်ပင့်ကူဇာတ်၌ ပထမမိုးတွင်းပိုင်းတွင် စည်းလုံးညီညွတ်မှုစိတ်ဓာတ်ပြည့်ဝစွာဖြင့် ဂူထဲတွင် အစာရေစာများကို မျှဝေစားခဲ့သောကြောင့် ပင့်ကူ၏ရန်မှ လွတ်ခဲ့ရသည်။ ဒုတိယမိုးတွင်းပိုင်းတွင်ကား မိုးကာလရှည်သောအခါ အသင်းအဖွဲ့စိတ်ဓာတ်ပျက်စီးပြီး မိမိတို့ ဇာတ်တူသားအချင်းချင်းစားသောကြောင့် မျိုးသုဉ်းခဲ့ရပေသည်။ ထို့အတူ ဘုရားလောင်းနှင့် လှည်းသားငါးရာဇာတ်တွင်လည်း ပညာမဲ့သောလှည်းသားငါးရာတို့သည် ကန္တာရကိုဖြတ်ရာတွင် အသင်းအဖွဲ့စိတ်ဓာတ်မရှိဘဲ တစ်ယောက်တစ်ပြန် ဆရာလုပ်နေသောကြောင့် ဘီလူးတို့စားသောက်ခြင်းကိုခံခဲ့ရပေသည်။ ဘုရားလောင်းဦးဆောင်သောလှည်းသားငါးရာတို့မှာမူ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံသောကြောင့် ဘီလူးတို့၏လှည့်စားသတ်ဖြတ်ခြင်းမှ လွတ်မြောက်ခဲ့သည်။ ခိုမင်းဇာတ်တွင်လည်း ဘုရားလောင်းခိုမင်းနှင့် ခိုအပေါင်းတို့သည် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းလုံးစွာကြိုးစားရုန်းကန်သောကြောင့် မုဆိုး၏ပိုက်ကွန်အတွင်းမှ လွတ်မြောက်

ခဲ့ရသည်။

ကမ္ဘာမြေကြီးသည် လွန်စွာသာယာလှပသော်လည်း တို့ကမ္ဘာမြေကို သွေးများဖြင့် အရောင်ဆိုးချင်ကြသော လူများကြောင့် စက်ဆုပ်ဖွယ်ကောင်းသော စစ်ပွဲများဖြစ်ပွားခဲ့ရသည်။ ကမ္ဘာမြေဟူသော ပျော်ရွှင်ကြည်နူးဖွယ်ရာ အများပိုင်အိမ်ကြီးကို တစ်ဦးတည်း အပိုင်သိမ်းလိုကြသည်။ အချင်းချင်း ရင်းနှီးပျော်ရွှင်စွာ မေတ္တာများဖလှယ်၍ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အတူယှဉ်တွဲနေထိုင်ရမည့်အစား ကျည်ဆန်များ၊ ယမ်းငွေ့များ၊ သွေးများသာ လွှမ်းမိုးလျက် ကမ္ဘာမြေအလှကို ဖျက်ဆီးပစ်ကြသည်။ ထို့ကြောင့် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ဟူသော စစ်ပွဲကြီးများသာမက နိုင်ငံချင်းတိုက်ခိုက်သော စစ်ပွဲများ၊ ပြည်တွင်းစစ်များဖြင့် ကမ္ဘာမြေတွင် သွေးလွှမ်းခဲ့ရသည်။ အပြစ်မဲ့ပြည်သူများ၊ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံး၍ မိသားစုနှင့် သေကွဲ၊ ရှင်ကွဲ ကွဲခဲ့ရသည်။ ကမ္ဘာကြီးမှာလည်း တိုးတက်သင့်သလောက်မတိုးတက်နိုင်ခဲ့ပေ။ အကြောင်းအရင်းကား ကမ္ဘာသူ၊ ကမ္ဘာသားအချင်းချင်း အသင်းအဖွဲ့စိတ်ဓာတ်မရှိခြင်းကြောင့်ပင်တည်း။

ဆရာ၊ ဆရာမများက ရွှံ့ရုပ်ကလေးများနှင့်တူသော၊ စာရွက်ဖြူလေးများနှင့်တူသော ကျောင်းသား၊ ကျောင်းသူများကို အသင်းအဖွဲ့စိတ်ဓာတ်ရှိစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းများရှိ စာသင်ခန်းများတွင် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အတူတူယှဉ်တွဲကာ ပညာသင်စေသည်။ သစ္စာအဓိဋ္ဌာန်လေးချက်နှင့်အညီ အသင်းအဖွဲ့စိတ်ဓာတ်ရှိရှိဖြင့် မိမိကိုယ်ကို၊ မိမိအတန်းကို၊ မိမိကျောင်းကို၊ မိမိတိုင်းပြည်ကိုကောင်းမွန်တိုးတက်အောင်ကြိုးစားရန် လေ့ကျင့်ပေးသည်။ ကာယအားကစားများတွင်လည်း အသင်းအဖွဲ့နှင့်ကစားရသော ဘောလုံးကစားနည်းကဲ့သို့အားကစားနည်းများကလည်း ကျောင်းသား၊ ကျောင်းသူများ၏ အသင်းအဖွဲ့စိတ်ဓာတ်ကို ပြည့်ဝစေပါသည်။ တစ်ကိုယ်တည်းယှဉ်ပြိုင်ရသော အားကစားသမားများသည်လည်း မိမိမြို့နယ်အတွက်၊ မိမိတိုင်းပြည်အတွက်ဟူသောအသင်းအဖွဲ့စိတ်ဓာတ်ဖြင့်ကြိုးစား၍ အောင်လံထူရပေမည်။

အချုပ်အားဖြင့်ဆိုရသော် 'တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ'ဆိုသကဲ့သို့ ကမ္ဘာမြေပေါ်ရှိ လူသားတိုင်းသည် အသင်းအဖွဲ့စိတ်ဓာတ်ရှိရပေမည်။ ထိုအသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပဋိပက္ခများ၊ စစ်ပွဲများကို ရပ်တန့်ပစ်ရပေမည်။ ထိုအခါ ကမ္ဘာမြေသည် ငြိမ်းချမ်းသော၊ တရားမျှတသော၊ တိုးတက်သာယာသော အသိုက်အမြုံတစ်ခုဖြစ်လာမည်မှာ ဧကန်ဖြစ်တော့သည်။ ။

**မောင်မြတ်မင်းစံ**

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်

**'အသင်းအဖွဲ့စိတ်ဓာတ်' စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ အ–ထ–က မြို့မ၊ နတ်တလင်းမြို့နယ်မှ မောင်မြတ်မင်းစံ(ဒသမတန်း) အား ပထမဆုအဖြစ်လည်းကောင်း၊ အ–ထ–က ရှုံးရှီ၊ ဂန့်ဂေါမြို့နယ်မှ မသဇင်မိုး(သတ္တမတန်း– B) အား ဒုတိယဆုအဖြစ်လည်းကောင်း၊ အ–ထ–က (၁)သဃ်န်းကျွန်းမြို့နယ်မှ မရွှေစင်ရတနာ(အဋ္ဌမတန်း)အား တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ထားပါသည်။**

# ၂၀၂၁ ခုနှစ်၊ တေဇရုပ်စုံစာစောင် စာစီစာကုံးပြိုင်ပွဲအတွက် လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | လွတ်လပ်ခြင်း၏တန်ဖိုး | ၃၁–၁၀–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | ချစ်ခင်ပေါင်းစု ပြည်ထောင်စု | ၃၀–၁၁–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | ကျောင်းသားနှင့် ပြည်သူ့နီတိ | ၃၁–၁၂–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | မင်္ဂလာရှိသော သင်္ကြန် | ၃၁–၁–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | အဖေ့နှလုံးသားထဲကအမေ | ၂၈–၂–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | ဖတ်ဖူးသောဂျာနယ်များ | ၃၁–၃–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | မမေ့နိုင်သောမြင်ကွင်းတစ်ခု | ၃၀–၄–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် | ၃၁–၅–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | လူသားနှင့် သဘာဝဘေးအန္တရာယ် | ၃၀–၆–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | ပညာခေတ်မှာ ပညာရှာ | ၃၁–၇–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | တေဇထဲက ဗဟုသုတ | ၃၁–၈–၂၀၂၁၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | လူငယ်နှင့် အားကစား | ၃၀–၉–၂၀၂၁၊ ၁၆း၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်–

သို့
မြဝတီစာပေတိုက်(ရုံးခွဲ)
အမှတ်(၁၈၁)၊ (၃၂)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉–၃၂၄၉၈၇၁၄

သို့
တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
(၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၃၀၃၆၇၅၆၂။ ၀၉–၄၀၃၂၅၈၄၅၁

# တေဇရုပ်စုံစာစောင်

# လစဉ်စာစီစာကုံးပြိုင်ပွဲ

၁။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသားလူငယ်များအနေဖြင့် စာစီစာကုံးရေးသားသည့် အလေ့အကျင့်များရရှိစေရန်နှင့် မြန်မာစာအရေးအသား မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ မြဝတီစာပေတိုက်မှ လစဉ်ထုတ်ဝေလျက်ရှိသော တေဇရုပ်စုံစာစောင်တွင် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ စာစီစာကုံးပြိုင်ပွဲများကို လစဉ်ကျင်းပခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွက် လအလိုက်သတ်မှတ်ထားသော ခေါင်းစဉ်များအတိုင်း ကျောင်းသား၊ ကျောင်းသူများဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ လစဉ်ပြိုင်ပွဲများတွင် ယခင်က ဆုရရှိသူများအား ပထမဆု ၇၀၀၀ကျပ်၊ ဒုတိယဆု ၅၀၀၀ကျပ်၊ တတိယဆု ၃၀၀၀ကျပ် ဆုချီးမြှင့်ခဲ့ရာမှ ယခုအခါ ပထမဆု ၁၅၀၀၀ကျပ်၊ ဒုတိယဆု ၁၀၀၀၀ကျပ်၊ တတိယဆု ၇၀၀၀ကျပ်ဖြင့် ပြောင်းလဲ၍ ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ စာစီစာကုံးများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်နိုင်ပြီး ကျောင်းသား၊ ကျောင်းသူဖြစ်ကြောင်း အတန်းပိုင်ဆရာ၊ သို့မဟုတ် ကျောင်းအုပ်ကြီး၊ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက် ပူးတွဲပါရှိရမည်။

၄။ လစဉ် ပေးထားသောခေါင်းစဉ်နှင့်အညီ ရေးသားရမည်ဖြစ်ပြီး ကျောင်းသုံးဗလာစာရွက်ဖြင့် (၅)ရွက်မှ (၇)ရွက်အထိ စာမျက်နှာတစ်ဖက်တည်းသာ ရေးရမည်။ ကိုယ်တိုင်ရေး ဖြစ်ရမည်။ နိုင်ငံသားမှတ်ပုံတင် ကတ်ပြား၊ သို့မဟုတ် ကျောင်းသားကတ် မိတ္တူပူးတွဲပါရှိရမည်။ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကျောင်းလိပ်စာနှင့် အတန်း၊ အသက်တို့ကို အပြည့်အစုံဖော်ပြရမည်။ ပတ်စ်ပို့ဓာတ်ပုံတစ်ပုံပါ ပူးတွဲပေးပို့ရမည်။

၅။ လစဉ် ပထမဆုရရှိသည့် စာစီစာကုံးများကို (၂)လကျော် တေဇရုပ်စုံစာစောင်တွင် ဖော်ပြသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရ စာစီစာကုံးများကို နောင်အခါတွင် စာအုပ်အဖြစ် ထုတ်ဝေသွားရန် အစီအစဉ်ရှိပါသည်။

**စာတည်းအဖွဲ့**

**တေဇရုပ်စုံစာစောင်**

# မြဝတီစာပေတိုက်
# တေဇရုပ်စုံစာစောင်ဝယ်ယူရရှိနိုင်သော ဆိုင်များစာရင်း

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| | **နေပြည်တော်** | | |
| ၁ | Asia Liht | ပျဉ်းမနား | ၀၁၂၉၄၀၇၄ |
| | **ကချင်ပြည်နယ်** | | |
| ၂ | ဒေါ်ခင်မိမိမြတ် | ရွှေကူ | ၀၉၄၅၀၄၃၁၁၆၂/၀၉၂၅၆၁၂၉၈၄၂ |
| | **ကရင်ပြည်နယ်** | | |
| ၃ | ဒေါ်သန္တာဝင်း | ကော့ကရိတ် | ၀၅၈၄၀၇၀၅ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | |
| ၄ | ဦးချစ်စရာ | အင်းတော် | ၀၉၄၅၃၇၈၇၃၀၀ |
| ၅ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၇၅၅၉၁၀၃ |
| ၆ | ဦးတင်ဌေး | မင်းကင်း | ၀၉၂၆၄၃၁၂၄၄၁/၀၉၂၅၇၅၀၆၄၉၂ |
| ၇ | ကိုဇော်ဇော်အောင် | ရွှေဘို | ၀၉၉၇၃၆၂၄၃၀၉ |
| ၈ | ဦးဝင်းအောင် | ကန့်ဘလူမြို့ | ၀၉၂၅၆၁၉၄၆၃၉ |
| | **ပဲခူးတိုင်းဒေသကြီး** | | |
| ၉ | ဦးမြဦး | ပေါက်ခေါင်း | ၀၉၂၅၃၃၇၃၁၆၀ |
| ၁၀ | ဒေါ်သီတာချို | လက်ပံတန်း | ၀၉၃၃၂၂၄၁ |
| ၁၁ | ဦးဖုန်းမော် | မိုးညို | ၀၉၇၉၈၄၀၂၆၁၁ |
| ၁၂ | ဦးဇော်ဝင်း | ကြို့ပင်ကောက် | ၀၉၃၁၆၇၂၈၈၂ |
| | **မကွေးတိုင်းဒေသကြီး** | | |
| ၁၃ | ပုလဲစာပေ | တောင်တွင်းကြီး | ၀၆၃၅၀၄၂၀/၀၉၄၃၀၀၈၈၅၁ |
| ၁၄ | ဦးနေဝင်း | နတ်မောက် | ၀၉၇၇၉၂၃၁၇၂၇ |
| ၁၅ | ဒေါ်စန်း | ရေစကြို | ၀၉၄၀၁၅၁၈၃၅၀ |
| ၁၆ | မျိုးဆက်သစ်စာပေ | မကွေး | ၀၆၃၂၇၂၄၃ |
| ၁၇ | ဦးသိန်းဦး | မင်းတုန်း | ၀၉၂၅၆၀၄၆၆၈၅ |
| | **ဧရာဝတီတိုင်းဒေသကြီး** | | |
| ၁၈ | ဒေါ်ကြည်ကြည်စိန် | ဇလွန် | ၀၉၄၅၁၂၄၀၅၂၄ |
| ၁၉ | တာလေးမောင် | ဟင်္သာတ | ၀၉၈၅၈၀၁၇၃ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| ၂၀ | ရွှေမောင်း | ဟင်္သာတ | ၀၉၈၅၈၀၇၇၅ |
| ၂၁ | ဦးကျော်ဝင်း | လပွတ္တာ | ၀၉၃၁၁၆၉၅၄၇ |
| ၂၂ | ဦးတင်သန်း | ပန်းတနော် | ၀၉၄၂၂၅၀၃၀၄၈ |
| ၂၃ | မအိအိမော် | ဝါးခယ်မ | ၀၉၄၂၂၄၅၈၇၈၄ |
| ၂၄ | မသင်းသင်းစိုး | လေးမျက်နှာ | ၀၉၂၅၀၁၁၉၇၆၀ |
| ၂၅ | ဒေါ်ခင်မာချို | မြန်အောင် | ၀၉၂၅၀၅၆၉၇၇၃ |
| | **မန္တလေးတိုင်းဒေသကြီး** | | |
| ၂၆ | ထွန်းဦးစာပေ | မန္တလေး | ၀၂၃၉၈၀၁/ ၃၉၈၉၁ |
| ၂၇ | နဂါးစာပေ | မန္တလေး | ၀၂၃၆၇၄၅ |
| ၂၈ | ညီဖြူစာပေ | မန္တလေး | ၀၂၇၄၄၁၈ |
| | **ရန်ကုန်တိုင်းဒေသကြီး** | | |
| ၂၉ | ဦးအောင်မောင်း | ပန်းဆိုးတန်း | ၀၉၈၅၀၁၅၃၈ |
| ၃၀ | သီတာ–၁ | ပန်းဆိုးတန်း | ၀၁၃၈၄၉၃၉ |
| ၃၁ | မြသော်တာစာပေ | ပန်းဘဲတန်း | ၀၁၃၈၂၂၁၉ |
| ၃၂ | ခိုင်ဇင်သန့် | ဗဟန်း | ၀၁၅၅၂၈၀၃/ ၀၉၇၉၉၅၃၆၆၅၃ |
| ၃၃ | ဖိုးတုတ် | ပန်းဆိုးတန်း | ၀၉၂၅၀၃၅၄၈၂၂ |
| ၃၄ | ဦးစိုးအောင် | ကျောက်တံတား | ၀၁၂၅၃၂၅၅ |
| ၃၅ | စာပေဗိမာန် | ရန်ကုန် | ၀၁၂၄၉၀၃၁ |
| ၃၆ | နေစေးစာပေ | ပန်းဘဲတန်း | ၀၁၃၈၇၆၀၆ |
| ၃၇ | ဒေါ်ကေခိုင် | ဗဟန်း | ၀၉၇၃၀၅၄၀၇၁ |
| ၃၈ | ကိုမောင်ဦး | ကျောက်တံတား | ၀၉၇၃၁၇၅၂၂၃ |
| ၃၉ | ပစ်တိုင်းထောင် | ဗိုလ်ဆွန်ပတ်လမ်းထိပ် | ၀၉၇၉၈၄၃၁၁၄၂/ ၀၉၇၃၂၄၈၆၆၆ |
| ၄၀ | ငါတို့စာပေ | သံဈေး | ၀၉၇၆၇၀၁၉၉၂၆ |
| ၄၁ | စာပေရတနာ | တော်ဝင်စင်တာ | ၀၉၅၀၆၉၈၄၀ |
| ၄၂ | စာပေနန်းတော် | ၃၆ လမ်း၊ အောက်ဘလောက် | ၀၉၇၃၁၄၀၉၃၆ |
| ၄၃ | ရာပြည့် | ပန်းဆိုးတန်း | ၀၉၇၃၂၄၅၂၈၉ |
| ၄၄ | Super One | ရွှေဘုံသာ | ၀၁၅၃၈၉၂၆ |
| ၄၅ | Ruby Mart | ဘားလမ်း | ၀၁၆၅၇၃၁၄ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| ၄၆ | ကိုလတ်စာပေ | ၃၁ လမ်း | ၀၉၅၀၂၀၀၆၈/၀၁၂၄၉၈၁ |
| ၄၇ | အမြင်သစ် | ကျောက်တံတား | ၀၉၇၃၁၁၃၂၂၄ |
| ၄၈ | ခေတ်သစ် | ကျောက်တံတား | ၀၁၃၈၀၉၆၈ |
| ၄၉ | စိန်ဂေဟာ(ပြည်လမ်း) | ဒဂုံ | ၀၁၃၈၃၈၁၂ |
| ၅၀ | စိန်ဂေဟာ(ပါရမီ) | သမိုင်း | ၀၁၅၂၂၆၄၂ |
| ၅၁ | Asia Light (ရန်ကုန်) | မင်္ဂလာဈေး | ၀၁၂၉၄၀၇၄ |
| ၅၂ | Asia Light (ရန်ကုန်) | ရွှေဂုံတိုင် | ၀၁၂၉၄၀၇၄ |
| ၅၃ | စာပေလောက–၂ | ကျောက်တံတား | ၀၉၇၃၀၃၃၈၀၂ |
| ၅၄ | စာပေလောက–၆ | ရန်ကင်း | ၀၉၇၃၀၁၉၆၆၅ |
| ၅၅ | စာပေလောက–၇ | တ/ဥက္ကလာ | ၀၉၇၃၀၀၈၂၅၄ |
| ၅၆ | စာပေလောက–၈ | မ/ဥက္ကလာ | ၀၉၂၅၀၁၃၇၄၄၉ |
| ၅၇ | စာပေလောက–၁ | လှည်းတန်း | ၀၉၄၂၁၁၃၇၃၈၂ |
| ၅၈ | စာပေလောက(ကျောက်မြောင်း) | ကျောက်မြောင်း | ၀၉၂၅၀၄၂၈၀၀၃ |
| ၅၉ | ဦးတင်စိုး | ကျောက်တံတား | ၀၁၃၉၁၀၃၆ |
| ၆၀ | ဦးမြင့်ဦး | ဗိုလ်တထောင် | ၀၉၅၀၈၈၉၂၅ |
| ၆၁ | မသန္တာ | မရမ်းကုန်း | ၀၉၂၅၆၃၉၆၈၅၆ |
| ၆၂ | Gandamar wholesale | ဝေဇယန္တလမ်း | ၀၁၆၅၇၃၁၄ |
| ၆၃ | အင်းဝစာပေ | ပန်းဆိုးတန်း | ၀၁၂၄၃၂၁၆ |
| ၆၄ | ခရေပင် mark | မင်္ဂလာဒုံမြို့နယ် | ၀၉၃၂၄၉၈၇၂၄ |


မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရောင်စုံနေ့စဉ်သတင်းစာထွက်ရှိနေပါပြီ

မြဝတီ နေ့စဉ်
The Myawady Daily

**နေပြည်တော်**
မြဝတီသတင်းစာတိုက်(နေပြည်တော်)
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ စာတည်းမှူးချုပ် ၀၃၁-၇၄၀၀၅၊
စာတည်းမှူး ၀၃၁-၇၃၉၉၈၊ ဖြန့်ချိ/ကြော်ငြာ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၂-၃၀၂၆၂

**မန္တလေး(ရုံးခွဲ)**
၈၄ လမ်း၊ ၂၉ × ၃၀ ကြား
ဖုန်း ၀၂-၆၆၆၅၁

**ပျဉ်းမနား(ရုံးခွဲ)**
(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)
ပျဉ်းမနားမြို့၊ ဗိုလ်တောက်ထိန်လမ်းနှင့်အမှတ်(၈)လမ်း၊ အမှတ်(၁)
မြို့မဈေးအပေါ်ထပ်၊ ဖုန်း/ဖက်စ် ၀၆၇-၂၉၉၈၉

**ရန်ကုန် (ရုံးခွဲ ၂)**
မြဝတီစာပေတိုက်ရုံးခွဲ အမှတ်(၁၈၁)၊ ၃၂ လမ်း၊ အထက်ဘလောက်၊ မြေညီထပ်၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း ၀၁-၃၇၁၂၄၄

**ရန်ကုန် (ရုံးခွဲ ၁)**
အမှတ်(၁၅)၊ တပ်မြေ၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်။ ဖက်စ် ၀၃၁-၇၄၀၂၀၊ ဖုန်း ၀၁-၄၀၀၆၉၇။

သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းပေးပို့လိုသူများနှင့် ကြော်ငြာ၊ သတင်းစာ ဖြန့်ချိသူကိုယ်စားလှယ်များ အောက်ပါလိပ်စာအတိုင်းဆက်သွယ်နိုင်ပါသည်။

# ဆက်သွယ်ရေးကိရိယာ Bluetooth အကြောင်း သိကောင်းစရာ



ဒေါက်တာသန့်စင်(ရူပဗေဒ)









ယနေ့ခေတ် မိုဘိုင်းတယ်လီဖုန်းအသုံးပြုသူတိုင်း၊ သီချင်းများကို နှစ်သက်ကြသူတိုင်း မသုံးမဖြစ် အသုံးပြုနေကြတဲ့ ဆက်သွယ်ရေးကြိုးမဲ့နည်းပညာ တစ်ခုကတော့ ဘလူးတုသ် (Bluetooth) နည်းပညာ ဖြစ်ပါတယ်။ တယ်လီဖုန်းမှတစ်ဆင့် နားကြပ် (Earphone) နဲ့သီချင်းနားထောင်ပါက ကြိုးများတပ်ဆင် အသုံးပြုရတာကြောင့် မျက်နှာပြင်ပေါ် အနှောင့်အယှက်ဖြစ်စေပါတယ်။ ဘလူးတုသ်က ကြိုးမဲ့ပစ္စည်း ဖြစ်တာကြောင့် လွယ်ကူစွာသယ်ယူအသုံးပြုနိုင်ပါတယ်။




ဘလူးတုသ်နည်းပညာကို ၁၉၈၉ ခုနှစ်မှာဆွီဒင်နိုင်ငံ၊ အဲရစ်ဆင်မိုဘိုင်းဖုန်းကုမ္ပဏီ (Ericsson) မှ Nils Rydbeck နဲ့ Dr. Johan တို့က စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်မှာ ပထမဆုံး ဘလူးတုသ်နည်းပညာကို အဲရစ်ဆင် ဆက်သွယ်ရေးကုမ္ပဏီက စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ ယခုအခါ နှစ်ပေါင်း ၂၁ နှစ်နီးပါး ရှိပြီဖြစ်ပါတယ်။ ဘလူးတုသ်နည်းပညာကိုအသုံးပြုတဲ့ ရေဒီယိုလှိုင်းဟာ 2.402 G Hz(Giga Hertz) မှ2.480 G Hz အတွင်းသာ အသုံးပြုထားတာကြောင့် လူတစ်ဦးရဲ့ကျန်းမာရေးကို မထိခိုက်နိုင်ဖို့ကာကွယ်ပေးထားပါတယ်။ အသုံးပြု

နိုင်တဲ့အကွာအဝေးကတော့ Bluetooth 4.0 ဟာ ၃၃ပေခန့်အတွင်းရှိ ကွန်ပျူတာ Mouse, Keyboard, Sound Box စတဲ့ပစ္စည်း ၇ ခုခန့်ကို ကြိုးမဲ့ဆက်သွယ်အသုံးပြုနိုင်ပါတယ်။ Bluetooth 5.0 ဟာ နည်းပညာပိုမိုတိုးတက်လာကာ အကွာအဝေး ၄ဆအထိ ပိုမိုအသုံးပြုနိုင်တာကြောင့် ပေ ၁၅၀ ကျော်ခန့်အတွင်း အသုံးပြုလာနိုင်ပါတယ်။ တယ်လီဖုန်းမှဖွင့်တဲ့သီချင်းကို ဘလူးတုသ်နားကြပ်တပ်ထားရုံနဲ့ အိမ်နောက်ဖေး ပေ ၁၀၀ ကျော်အကွာအဝေးမှပင် ကြိုးမဲ့စနစ်နဲ့ အသံကိုနားထောင်နိုင်တဲ့ အပြင် အသံရောက်နှုန်းမှာလဲ Bluetooth 4.0 ထက် ၂ ဆပိုမိုမြန်ဆန်စွာရောက်ရှိပြီး အသံကြည်လင်စွာ ကြားနိုင်ပါတယ်။




ယခုကဲ့သို့ အသုံးပြုနိုင်ရန် မိုဘိုင်းတယ်လီဖုန်းများ၊ ကွန်ပျူတာများမှာ ဘလူးတုသ်အင်တင်နာပစ္စည်းများ ထည့်သွင်းတည်ဆောက်ထားတာဖြစ်ပါတယ်။ ဆောင်းဘောက်နှစ်လုံးကို တစ်ပြိုင်နက်ဖွင့်ကာ အသုံးပြုနိုင်ပြီး လျှပ်စစ်ပါဝါမှာ မီလီဝပ် (m W) အနည်းငယ်သာအသုံးပြုတာကြောင့် ဘက်ထရီအသုံးပြုမှုသက်တမ်း ၇ နာရီခန့်အသုံးပြုနိုင်ပါတယ်။ ပိုမိုကောင်းမွန်တာက










# Harald Bluetooth



https://en.wikipedia.org/wiki/File:Harald_Blaatand.jpg




တော့ ဘလူးတုသ်ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ဖိုင်များ (File data) ပို့ပေးပါက ဝိုင်ဖိုင် (Wi-Fi) အသုံးပြုခြင်းထက် ပိုပြီးလုံခြုံရေးစနစ်အားသာခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် ကားအသုံးပြုမှုများတဲ့ မြို့ကြီးများမှာ လမ်းပေါ်ကားမောင်းပါက မိုဘိုင်းဖုန်းအသုံးမပြုရန် စည်းကမ်းအနေနဲ့ ကန့်သတ်ထားပါတယ်။ အဲဒီအခါ ဘလူးတုသ်နားကြပ်ကို မိုဘိုင်းဖုန်းနဲ့ချိတ်ဆက်အသုံးပြုပါက ယာဉ်အန္တရာယ်ကင်းစွာမောင်းနှင်နိုင်မှာဖြစ်ပါတယ်။

ဘလူးတုသ်ဆိုတဲ့နာမည်ကို အသုံးပြုခြင်းက စိတ်ဝင်စားစရာကောင်းပါတယ်။ ၁၉၉၇ ခုနှစ်မှာ Intel ဆက်သွယ်ရေးကုမ္ပဏီမှ Jim Kardack ဆိုသူက မိုဘိုင်းဖုန်းနဲ့ ကွန်ပျူတာကို ဒီပစ္စည်းလေးက ကြိုးမဲ့ချိတ်ဆက်ပေးနိုင်တာကို နာမည်ပေးဖို့အတွက် ရှေးယခင်က ဒိန်းမတ်နဲ့နော်ဝေနိုင်ငံတို့ကို ချိတ်ဆက်ပေးခဲ့တဲ့ဘုရင်ကြီး Harald Bluetooth ရဲ့နာမည်ကိုယူကာ ၎င်းပစ္စည်းလေးကို Bluetooth လို့ အမည်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် Bluetooth ရဲ့အမှတ်တံဆိပ်မှာ H သင်္ကေတနဲ့ B သင်္ကေတနှစ်ခုပါတဲ့ပုံကို ဖော်ပြထားခြင်းဖြစ်ပါတယ်။

ယနေ့ခေတ်ဟာ အင်တာနက်နည်းပညာ 5G ခေတ်ကိုရောက်ရှိနေပြီဖြစ်ပါတယ်။ 5Gနည်းပညာနဲ့အတူ AI နည်းပညာ (Artificial Intelligence) ဉာဏ်ရည်တုနည်းပညာများကိုလဲ များစွာအသုံးပြုလာကြပါတယ်။ မောင်းသူမဲ့မော်တော်ကား၊ လေယာဉ်ပျံများ၊ အဝေးထိန်းခလုတ်နဲ့ အဖွင့်၊ အပိတ်ပြုလုပ်နိုင်တဲ့ အိမ်နှင့်ခြံတံခါးများ၊ မီးခလုတ်များ စတာတွေကိုစမ်းသပ်အသုံးပြုနေကြပြီဖြစ်ပါတယ်။ ထိုနည်းပညာများနဲ့အတူ ဘလူးတုသ်နည်းပညာကလဲ ပိုမိုဆန်းသစ်တီထွင်လာဦးမယ်လို့ မျှော်လင့်ရပါတယ်။ ။

**ဒေါက်တာသန့်စင်(ရူပဗေဒ)**

**Reference** : wikipedia.com

# ကမ္ဘာ့နိုင်ငံများအနှစ်ချုပ်မှတ်စု

သီဟညိုမောင်

## ဆူဒန်သမ္မတနိုင်ငံ

| | |
|---|---|
| ၁။ မြို့တော် | ခါတွမ်းမြို့ |
| ၂။ အကြီးဆုံးမြို့ | ခါတွမ်းမြို့ |
| ၃။ ရုံးသုံးဘာသာစကား | အာရပ် |
| ၄။ ဧရိယာအကျယ်အဝန်း | ၇၂၈၂၁၅ စတုရန်းမိုင် |
| ၅။ လူဦးရေခန့်မှန်း | ၄၃၈၄၉၂၆၀ |
| ၆။ အများဆုံးကိုးကွယ်သည့်ဘာသာ | အစ္စလာမ်ဘာသာ |
| ၇။ သုံးစွဲသည့်ငွေကြေး | ဆူဒန်ပေါင်(SDG) |

အလံ



အထိမ်းအမှတ်တံဆိပ်




## ဆူရာနမ်သမ္မတနိုင်ငံ

| | |
|---|---|
| ၁။ မြို့တော် | ပါရာမာရီဘိုမြို့ |
| ၂။ အကြီးဆုံးမြို့ | ပါရာမာရီဘိုမြို့ |
| ၃။ ရုံးသုံးဘာသာစကား | ဒတ်ချ် |
| ၄။ ဧရိယာအကျယ်အဝန်း | ၆၃၂၅၁ စတုရန်းမိုင် |
| ၅။ လူဦးရေခန့်မှန်း | ၅၈၆၆၃၂ |
| ၆။ အများဆုံးကိုးကွယ်သည့်ဘာသာ | ခရစ်ယာန်ဘာသာ |
| ၇။ သုံးစွဲသည့်ငွေကြေး | ဆူရာနမ်ဒေါ်လာ(SRD) |

အလံ



အထိမ်းအမှတ်တံဆိပ်



# ဆန်းကြယ်ထူးခြားပုံရိပ်များ

**ခင်ဦး**

ပုံမှာဖော်ပြထားတဲ့ အဆောက်အအုံဟာ ကမ္ဘာပေါ်မှာ ဒီဇိုင်းအဆန်းဆုံးအဆောက်အအုံတစ်ခုအဖြစ် သတ်မှတ်ခံထားရပြီး Heydar Aliyev Center လို့ အမည်ရပါတယ်။ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာဘူမြို့မှာ တည်ရှိပါတယ်။ အကောက်အကွေးများနဲ့ ထောင့်ချွန်မပါတဲ့ဒီဇိုင်းနဲ့ တည်ဆောက်ထားတဲ့ ဒီအဆောက်အအုံကို စတုရန်းပေ ၆၁၉၀၀၀ ကျယ်ဝန်းတဲ့မြေပေါ်မှာ တည်ဆောက်ထားပါတယ်။ ၂၀၁၄ ခုနှစ်မှာ အကောင်းဆုံး ပြတိုက်ဒီဇိုင်းဆုကို ရရှိခဲ့ပါတယ်။




..................................



ပုံမှာဖော်ပြထားတဲ့ အကောင်လေးကတော့ တုတ်ချောင်းအင်းဆက်အမျိုးအစားဖြစ်ပြီး သိပ္ပံအမည် Phryganistria လို့ခေါ်ပါတယ်။ တုတ်ချောင်းအင်းဆက်တွေကို အန္တာတိကတိုက်ကလွဲလို့ ကမ္ဘာ့နေရာအနှံ့အပြားမှာ တွေ့ရလေ့ရှိပါတယ်။ တုတ်ချောင်းအင်းဆက်တွေဟာ လက်မဝက်ကနေ ၂ ပေဝန်းကျင်အထိ အရွယ်အစားအမျိုးမျိုးရှိကြပါတယ်။

..................................

ပုံမှာဖော်ပြထားတဲ့ အကောင်လေးကတော့ ကြက်ဥပဟတ်ဖရိုက်ကြော်ထားတဲ့ ပုံစံနဲ့တူတဲ့ ဥကြော်ဂျယ်လီငါး (Fried Egg Jellyfish) ဖြစ်ပါတယ်။ ဒီငါးကလေးရဲ့သိပ္ပံအမည်ကတော့ Phacellophora Camts Chatica ဖြစ်ပါတယ်။ ဒီငါးကလေးတွေကို မြေထဲပင်လယ်မှာ အများဆုံးတွေ့ရလေ့ရှိပါတယ်။




ကိုးကား - သုတရှန်

# မြန်မာနိုင်ငံ၏အထင်ကရမြို့ကြီးများ

**ထက်ငယ်**



## ဂန့်ဂေါမြို့


ဂန့်ဂေါမြို့ဟာ မြန်မာနိုင်ငံအလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်နဲ့ ဂန့်ဂေါမြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ ဂန့်ဂေါနယ်က ပခုက္ကူခရိုင်ရဲ့အနောက်မြောက်ဘက်မှာရှိပြီး အရှေ့ဘက် ပုံတောင်နဲ့အနောက်ဘက် ချင်းတောင်တို့ရဲ့စပ်ကြားမှာ တည်ရှိတဲ့ ကျဉ်းမြောင်းရှည်လျားတဲ့ မြေနိမ့်ဒေသကလေးမျှသာဖြစ်ပါတယ်။ မြို့နယ်ရဲ့အကျယ်အဝန်းက ၆၉၈ စတုရန်းမိုင်မျှသာဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ ယောလူမျိုးအများစု နေထိုင်ကြပါတယ်။ ဒေါ့ကြောင့် ဂန့်ဂေါမြို့ကို ယောမြို့တော်လို့ခေါ်ကြပါတယ်။

ဂန့်ဂေါမြို့ဟာ ထီးလင်းမြို့နောက်မှ မြို့ဖြစ်လာပေမဲ့ ယောဆိုတဲ့ နာမည်တစ်လုံးကို ပိုင်ဆိုင်တက်စေပြီး နာမည်ကျော်စေတဲ့ မြို့တော်တစ်ခုဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်မှာပါဝင်တဲ့မြို့နယ်များကတော့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောနဲ့ နောက်ထပ်တိုးလာတဲ့ ကျောက်ထုမြို့နယ်တို့ပဲဖြစ်ပါတယ်။ ရွာတစ်ရွာအဆင့်ကနေယခုလို ယောမြို့တော်(ဂန့်ဂေါမြို့)လို့ ဖြစ်လာခဲ့တာက



အကြောင်း ၂ ချက်ကြောင့်လို့ဆိုကြပါတယ်။ ပထမအကြောင်းကတော့ ဂန့်ဂေါမြို့ရဲ့ပထဝီဝင်အနေအထားကောင်းမွန်ခြင်းနဲ့ ဒုတိယအကြောင်းကတော့ နေထိုင်ခဲ့ကြသူတို့ရဲ့ လုံ့လ၊ ဝီရိယရှိခြင်းနဲ့ တီထွင်ဉာဏ်ရှိခြင်းတို့ကြောင့်ပဲဖြစ်ပါတယ်။ သမိုင်းတွင်ကျယ်သောပုဂ္ဂိုလ်များ၊ ထင်ရှားကျော်ကြားလူကြိုက်များတဲ့ပစ္စည်းများပေါ်ထွက်လာခြင်းက မြို့ရွာ၊ နယ်ပယ်တို့ရဲ့ ထင်ပေါ်ကျော်ကြားလာခြင်းအကြောင်းပဲဖြစ်ပါတယ်။ ယောဒေသက ပုံတောင်ပုံညာတောင်တန်းကြီးနဲ့ ချင်းတောင်တန်းများကြားမှာ တည်ရှိပါတယ်။

ဂန့်ဂေါမြို့နယ်ဟာ ဂန့်ဂေါခရိုင်မှာ အကြီးဆုံးမြို့နယ်ဖြစ်ပြီး ယောဒေသရဲ့မြောက်ဘက်အစွန်ဆုံးမှာတည်ရှိပါတယ်။ ယောသံလို့ခေါ်တဲ့ ယောသူ၊ ယောသားများရဲ့စကားက ထင်သာမြင်သာအရှိဆုံး ဒေသိယစကားဖြစ်ပါတယ်။ ‘တုတ်ချောင်း’ကို ‘ဒုတ်ချောင်း’ လို့မပြောဘဲ ‘တုတ်ခလောင်း’လို့ ပြောကြပါတယ်။ လဆွဲသံနဲ့ပြောတဲ့ ရှေးမြန်မာစကားသံကို ဂန့်ဂေါဒေသမှာ ယနေ့တိုင် ထိန်းသိမ်းပြောဆိုနေကြတာကို တွေ့ရပါတယ်။



ဂန့်ဂေါဒေသဟာ တောင်ကုန်း၊ တောင်တန်း၊ ချိုင့်ဝှမ်း၊ မြစ်ချောင်းများ ပေါများတာကြောင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ကြပါတယ်။ ဘာသာစကားထိတွေ့မှုများလဲ မရှိတာကြောင့် ပေါရာဏစကားလုံးအတော်များများကို အသက်ကြီးသူများကအသက်ငယ်သူတို့ထက် ယနေ့တိုင် ပိုမိုပြောဆိုနေဆဲဖြစ်ပါတယ်။ စကားသံကွဲပြားတာကြောင့် အခြားဒေသများကတိုင်းရင်းသား၊ လူမျိုးခြား၊ ဘာသာခြားလို့ ထင်မှတ်စရာအကြောင်း ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ လုံချည်လောကကို တစ်ခေတ်ဆန်းစေခဲ့တဲ့ ယောလုံချည်ရဲ့ မွေးဖွားရာဇာတိကဂန့်ဂေါခရိုင်ပဲဖြစ်ပါတယ်။ ယောလုံချည်ရဲ့ အတိတ်သမိုင်းဟာ ခက်ခဲနက်နဲပြီး ယောသူ၊ ယောသားတို့ရဲ့ကြိုးစားအားထုတ်မှု၊ တီထွင်ဖန်တီးမှုများကို တွေ့ရပါတယ်။ ၁၃၂၀ ပြည့်မတိုင်မီကပင် ရက်ကန်းလုပ်ငန်းထွန်းကားခဲ့ရာ နောက်ပိုင်းမှာတော့ ယောလုံချည်များစတင်ရက်လုပ်လာကြပါတယ်။ ဂန့်ဂေါမြို့မှာ ပိုးထည်၊ချည်ထည်လုပ်ငန်းလဲ အတော်အတန်ထွန်းကားပါတယ်။ ။

**ထက်ငယ်**



# u,yfausmf;zfw12Epom;av;

**သန့်သူရ**



သူ့နာမည်ကတော့ Leonardo Nicanor Quinteros ပါ။ အာဂျင်တီးနားနိုင်ငံ San Juan မြို့ကြီးအနီးရှိ Las Piedritas မြို့ငယ်လေးက ၁၂ နှစ်အရွယ် အလယ်တန်းကျောင်းသားလေးတစ်ယောက်ဖြစ်ပါတယ်။ သူဟာငယ်ရွယ်ပေမဲ့ ကျောင်းမတက်နိုင်တဲ့ကလေးငယ်တွေနဲ့ လူငယ်တွေအတွက် သူတတ်ထားတဲ့ပညာတွေကို ပြန်လည်မျှဝေဖို့ ကိုယ်ပိုင်ကျောင်းတည်ထောင်ခဲ့သူဖြစ်ပါတယ်။




သူဟာ စာသင်ကြားရတာကို ဝါသနာပါပြီး စာတော်တဲ့ ကျောင်းသားလေးတစ်ယောက်ဖြစ်ပါတယ်။ သူတတ်ထားတာတွေကိုလဲ အခြားသူတွေကိုပြန်လည်မျှဝေလေ့ရှိသူပါ။ သူကျောင်းတက်နေရချိန် ကလေးသူငယ်အများစုဟာ ကျောင်းတက်ဖို့အခက်အခဲဖြစ်ပြီး အသက်ရှင်သန်ရေးအတွက် လမ်းပေါ်မှာပဲ အချိန်တွေကုန်နေတာကို သူမြင်ခဲ့ရပြီးနောက်မှာ တစ်စုံတစ်ခုလုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

တစ်နေ့မှာ သူဟာ သူ့အဘွား Ramona ကို အကူအညီတစ်ခုတောင်းခဲ့ပါတယ်။ အဲဒါကတော့ အဘွားဖြစ်သူရဲ့အိမ်ဘေးကနေရာမှာ ကျောင်းဆောက်ခွင့်ပြုဖို့ပါ။ ပထမတော့ အဘွားဖြစ်သူက အံ့သြပြီး မယုံသလိုဖြစ်သွားတယ်။ ဒါပေမဲ့ မြေးဖြစ်သူရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့ ခွင့်ပြုပေးခဲ့တယ်။ အခုအချိန်မှာတော့ အဲဒီအခမဲ့



ကျောင်းလေးဟာ ကျောင်းသားအယောက် ၄၀ ခန့် ရှိတဲ့ ကျောင်းလေးတစ်ခုဖြစ်ခဲ့ပါပြီ။ Nico ကတော့ ဒီကျောင်းရဲ့ဆရာဖြစ်သလို ကျောင်းအုပ်လဲ သူကိုယ်တိုင်ပါပဲ။ ကျောင်းသားအယောက် ၄၀ ဆိုတာသိပ်မများပေမဲ့ ၁၂ နှစ်သားတစ်ယောက်ရဲ့ စွမ်းဆောင်မှုကြောင့် အဲဒီကလေးတွေရဲ့ဘဝဟာ အပြောင်းလဲကြီးပြောင်းလဲခဲ့ရပါတယ်။

Nico ရဲ့ကျောင်းဟာ သာမန်တဲသာသာအခန်းလေးတစ်ခန်းသာဖြစ်ပေမဲ့ သူ့ရဲ့ပတ်ဝန်းကျင်ကိုတော့ အလွန်အကျိုးပြုတဲ့နေရာလေးဖြစ်တယ်။ သူ့ရဲ့ကျောင်းကို တစ်နေ့ထက်တစ်နေ့ပိုကောင်းလာဖို့ Nico ကြိုးစားနေပါတယ်။ အစပိုင်းမှာ တစ်ယောက်တည်း အခက်အခဲဖြစ်ခဲ့ပေမဲ့ သူ့ရဲ့စွမ်းဆောင်မှုကို ကြားသွားတဲ့ ပတ်ဝန်းကျင်ကလူတွေနဲ့ အဖွဲ့အစည်းတွေက ကူညီခဲ့တာကြောင့် အခုဆိုရင် သူ့ရဲ့ကျောင်းလေးဟာ ကျောင်းသားတွေအတွက် ခုံတွေ၊ သင်ပုန်းတွေ၊ Locker တွေအပြင် စာကြည့်တိုက်အသေးစားလေးတစ်ခုလဲ ရှိလာပြီဖြစ်တယ်။ ဒါ့အပြင် ကျောင်းတက်ကျောင်းဆင်းချိန်အသိပေးဖို့ ခေါင်းလောင်းတစ်လုံးကိုထားရှိတဲ့အပြင် ကျောင်းတက်တဲ့ပထမဆုံးအချိန်မှာ အာဂျင်တီးနားနိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုနိုင်ဖို့ပါ စီစဉ်ထားပါတယ်။ အားလုံးက Nico ရဲ့ စိတ်ကူးတွေပါ။






ဒီကျောင်းတည်ထောင်လိုက်တဲ့အတွက် Nico ဟာ သူ့ရဲ့ အားလပ်ချိန်၊ ဆော့ကစားချိန် အားလုံးကို ဒီကျောင်းအတွက်ပဲ အသုံးပြုရတော့တယ်။ သူ့ကျောင်းမှာလာတက်တဲ့ ကလေးတွေကလဲ မပြည့်စုံတဲ့သူတွေဖြစ်လေတော့ သူတို့အဆင်ပြေစေဖို့ အတန်းကို ညအချိန်မှာ ဖွင့်ရတာတွေလဲရှိခဲ့တယ်။ သူ့ကိုယ်သူ ကျောင်းအုပ်တစ်ယောက်လို့ ခံယူထားတဲ့ Nico ဟာ သူ့ရဲ့ကျောင်းလေးအဆင်ပြေစေဖို့ အမြဲလုံးပန်းနေပါတယ်။ မိုးရွာ၊ နေပူ၊ နှင်းကျပါစေ နေ့စဉ်နေ့တိုင်း သူ့အတန်းကျောင်းပြီးတာနဲ့ ကိုယ်ပိုင်ကျောင်းလေးဆီကို စက်ဘီးလေးနဲ့အတူ မပျက်မကွက်လာလေ့ရှိတယ်။ သူ့ရဲ့ကျောင်းမှာ သင်ခန်းစာတွေအများကြီးကို မသင်ပေးနိုင်ပေမဲ့ အင်္ဂလိပ်သဒ္ဒါနဲ့ သင်္ချာလို အခြေခံသင်ခန်းစာတွေကိုတော့ ပိုင်ပိုင်နိုင်နိုင်သင်ပေးနိုင်ပါတယ်။

သူ့ရဲ့အကြောင်းဟာ အာဂျင်တီးနားတစ်နိုင်ငံလုံးကိုသာမက ဆိုရှယ်နက်ဝက်ခ်ပေါ်က လူတွေကိုပါ တအံ့တသြဖြစ်စေခဲ့တယ်ဆိုတာကိုတော့ ဒီ ၁၂ နှစ်သားလေး သိချင်မှသိပါလိမ့်မယ်။ သူသိထားတာကတော့ သူ့ကျောင်းကို ကောင်းသည်ထက်ကောင်းအောင်၊ သူ့ကျောင်းသားတွေကို တတ်သည်ထက်တတ်အောင် သင်ပေးနိုင်ဖို့၊ အများအကျိုးကို နိုင်သလောက်ထမ်းဖို့ ကြိုးစားရမယ်ဆိုတာပါပဲ။ ။

**သန့်သူရ**

# စကားပုံများကိုတူးဖော်ခြင်း

သင်းသင်း




## ငါးဖျံတစ်လှည့် ပုလုံတစ်လှည့်

ရေစပ်နားမှာပေါက်နေတဲ့ ပုလုံပင်မှအသီးကလေးများကြွေကျရာ ရေရိုက်ခတ်တာကြောင့် ရေအောက်ကိုမြုပ်သွားလိုက်၊ ငါးဖျံကဟပ်လို့ ရေပေါ်ပြန်ပေါ်လိုက်နဲ့ ပုလုံသီးနဲ့ငါးဖျံ တစ်လှည့်စီ မြုပ်ချည်၊ ပေါ်ချည်ဖြစ်နေတယ်လို့ဆိုလိုပါတယ်။

အမြဲ တစ်သမတ်တည်း မတည်တဲ့ဘဲ နိမ့်ချည်မြင့်ချည်၊ ကျချည်တက်ချည် အခိုက်အလှည့်ရှိတဲ့လောကဓံသဘောကို ဖော်ပြလိုတဲ့အခါ ဒီစကားပုံကိုသုံးလေ့ရှိပါတယ်။

.................................................................................



## ငါးပွက်ရာ ငါးစာချ


ငါးမျှားတဲ့အခါ တစ်နေရာရာမှာ ငါးစာချပြီး ငါးကိုမစောင့်ဘဲ ငါးပွက်တဲ့နေရာတိုင်းကို ငါးစာချနေတာကြောင့် ငါးစာသာကုန်ပြီး ငါးကိုမဖမ်းမိဘဲရှိတတ်တယ်လို့ ဆိုလိုပါတယ်။

အလုပ်တစ်ခုခု၊ ပညာရပ်တစ်ခုခုကို ဇောက်ချမကြိုးစားဘဲ ကျရာကြုံရာအာရုံများပြားတာကြောင့် မည်မည်ရရတိုးတက်အောင်မြင်ခြင်းမရှိနိုင်ဘူးလို့ ပြောဆိုလိုတဲ့အခါ ဒီစကားပုံကိုသုံးလေ့ရှိပါတယ်။


ပုပု ပါဝင်သည့် အပျော်ဆုံးပါ...
Pu Pu
It's the most enjoyable!
Cartoon: Min Kaung Ko
TR: Nyein Chan Phyu
ပုပုတစ်ယောက်ကျောင်းပိတ် ရက် အပြင်မထွက်၊အိမ်တွင်းမှာ...
မနက်စာစားပြီးပြီ မေမေ ဘာခိုင်းအုံးမလဲ မသိဘူး...
I have had my breakfast. What will Mom make me do?
Pu Pu does not go out during the holidays.
မေမေ...သား ဘာကူလုပ်ပေး ရမလဲ...
Mom, what can I do for you?
မလုပ်ပေးပါနဲ့ သားရယ် အဲဒီလိုပြောတာနဲ့တင် အမောပြေနေပါပြီ...
TOSHIBA
Don't do, my son. I'm pleased as you've said like that.
အင်း...တီဗီကြည့်ရင်ကောင်း မလား...စာဖတ်ရင်ကောင်း မလား...
Ehmm... Is it good to watch TV or read the books?
တော်ကြာ တီဗီဖွင့်ကြည့် ရင်းအိပ်ပျော်နေရင် အဆူခံထိနေမယ်...
If I fall asleep while watching TV, I will be scolded.


စာဖတ်နေတာပဲ ကောင်းပါတယ်...
It is good to read books.
ပုပုရေ... ပုပု...
Pu Pu.. Pu Pu...
ဟင်...
Hmm...
ပြောလေ... ပေစီ...
What's up, Pay Si?
ပုပု...တို့ကန်နေတဲ့ ဘောလုံးကွဲနေပြီကွ...
ဟေ...
Hay...
Pu Pu, our ball has bursted.
ငါ့မှာလဲအပိုမရှိ တော့ဘူး၊အဲဒါ ဘယ်လိုလုပ်မလဲ
I haven't had the spare one. How shall we do?
ဒါဆိုရင်အောင်ဘုဆီ သွားကြည့်မယ်...
If so, Let's go to Aung Bu.
သို့နှင့်...အောင်ဘုဆီသို့ထွက်လာရာ...
ဟေ့..ပုပု ပေစီ...
Hey.. Pu Pu and Pay Si!
ဟင်...
Hmm....
Going to Aung Bu...



အောင်ဘူ...မင်းဆီ
လာမလို့...အခု ဘယ်က
ပြန်လာတာလဲကွ...
Aung Bu, we are coming to you.
Now, where do you come back?
ဈေးကပြန်လာတာ
I come back from the market.
သူက...
And it is...
ဈေးကအပြန်
နောက်ကလိုက်နေလို့
ခေါ်လာတာ...
အောက်ချ
ကြည့်ကွ...
Let it down.
It has been following me since I come back from the market and so I've fetched it.
ခြေထောက်
နာနေတယ်
ဟေ...
Hay...
It's leg hurts.
ဒါဆိုရင်...အိမ်မှာဆေးအိတ်
ပြန်ယူလိုက်အုံးမယ်...
So I'll come back home to get the first aid kit .
မြန်မြန်လာ...
Hurry up.


မင်းဘာမှမပူနဲ့...သူပြန်လာရင်သက်သာသွားမှာ...
Don't worry. You'll recover when he come back.
လာပါပြီ...လာပါပြီ... သူနာပြုလာပါပြီ...
လာ...လာ...
Come ... come ...
Here comes... here comes ...The nurse is coming.
ဒီလိုဆေးလိမ်းပြီး ပတ်တီးစည်းပေးလိုက်တော့ကောင်းသွားပြီ
Now, it is better by applying medicine on its leg and bandaging up it.
တွေ့လား...သူပျော်နေပြီ...
You see? It is now happy.
သူ့ကိုဘယ်လိုခေါ်မှာလဲ... နာမည်ပေးရအောင်... ဘယ်လိုပေးမလဲ...
အင်း..
Imm...
How do we call it? Let's name it.
How do we name it?
မျက်နှာကမျက်နှာဖုံးလို ဖြစ်နေလို့... ဇောရိုး...
Its face is like wearing mask so call it Zorro.
ဇောရိုး... ဇောရိုး... ဇောရိုး...
Zorro...Zorro....Zorro..


ပုပုတို့သူငယ်ချင်းတစ်စု ဇောရိုးနှင့်ပျော်နေသည်မှာရက်အတန်ကြာနေပြီ...
Pu Pu and his friends have been playing happily with Zorro for a number of days.
တစ်နေ့... One day,
ဟဲ့...ပုပု... ဒီမှာကြည့်စမ်း...
ဘာလဲ... What's that?
Pu Pu , look at here.
ဟာ...ဒါ ဇောရိုးပျောက်နေလို့ကြော်ငြာတာပဲ...
ဒါဆိုရင်... So....
Oh.. It's a poster that Zorro has been lost.
နင်တို့ပိုင်ရှင်ကို ပြန်ပေးရမှာပေါ့...
You should return it to the owner.
ဇောရိုးကို ပြန်မပေးချင်ဘူး ဟာ...
I don't want to give Zorro back.
ပြန်မပေးရင် နင်တို့ခွေးသူခိုး ဖြစ်သွားမှာပေါ့!
If you don't, you will be the thief who steals the dog.


ပုပုတို့သည် ဇော်ရိုးကို
ပိုင်ရှင်ထံပြန်ပေးလိုက်သည်။
ကျေးဇူးပဲသား
Thank you.
Pu Pu and his friends return Zorro to the owner.
သားတို့ကိုမုန့်ဖိုး
ပေးရအုံးမယ်...
မုန့်ဖိုးမပေးပါ
နဲ့ ဘောလုံးပဲ
ဝယ်ပေးပါ...
I want to give you pocket money.
Don't give us money. Buy a ball for us.
ဘာလို့လဲဆိုတော့...
ဇော်ရိုးနဲ့မကစားရတော့
ဘူးဆိုတော့...ဟင့်...ဟင့်...
Because we will not play with Zorro.... Eeee....
ငိုတော့မငိုပါနဲ့...ဘောလုံးလဲဝယ်ပေး
မယ်၊ကျောင်းပိတ်ရက်ဇော်ရိုးကိုလာခေါ်
တကယ်.. Really?
Don't cry. I will buy a ball and you can fetch Zorro during your holidays.
Ya...hoo....
ပုပုတို့ သူငယ်ချင်းတစ်စု ဘောလုံးလည်း
ကစားရမည်၊ ပြီးတော့ဇော်ရိုးနှင့်လည်း...
ဒီနေ့ကတော့
အပျော်ဆုံးပဲ...
Today is the most enjoyable day for us.
Pu Pu and his friends will be able to play football and also play with Zorro.

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့ မိုးသောက်ပန်းဂျာနယ်ကို
ဂျာနယ်လက်ခံရရှိမှ ငွေပေးချေစနစ်ဖြင့် မှာယူဖတ်ရှုနိုင်ပါပြီ။





ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄၊
၀၉၄၂၀၆၇၄၁၀(အွန်လိုင်းဖြန့်ချိရေး)။













# မြဝတီ

စာပေတိုက်ထုတ်

## မဂ္ဂဇင်း၊ စာစောင်များ အိမ်အရောက်ဝန်ဆောင်မှု စနစ်ဖြင့် လစဉ်မှာယူ ဖတ်ရှုနိုင်ပြီ

မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊
စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို
စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို
အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး - မြဝတီစာပေတိုက်
အမှတ် ၁၅၊ မိုးကောင်းလမ်း၊
၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊
၀၉၄၂၁၀၆၇၄၁၀ (အွန်လိုင်းဖြန့်ချိရေး)။

